# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက် ၂၀၂၄ ခုနှစ်၊ မတ် ၂၉ ရက်၊ သောကြာနေ့ အတွဲ (၆၃)၊ အမှတ်(၁၈၁)


**ကိလေသာမာရ် ကိုယ်တွင်းရန်**

ရေတည်းဟူသော မီးရာတည်ရာမှ ထုတ်ဆောင်၍ ကုန်း၌ ပစ်ချထားအပ်သော ငါးသည် တဖျပ်ဖျပ်တုန်လှုပ်သကဲ့သို့ ကိလေသာမာရ် ကိုယ်တွင်းရန်ကို ပယ်ရန် ကာမနယ်ပယ်မှ ထုတ်ဆောင်၍ ထားအပ်သော ဤစိတ်သည် တဖျပ်ဖျပ် တုန်လှုပ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၄)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာ-ရုရှား နှစ်နိုင်ငံအကြား မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး ပိုမိုအားကောင်းစေရန်အပါအဝင် စစ်ဘက်နှင့်စစ်ဘက်နည်းပညာပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကြိုးပမ်းမှုများအတွက် တပ်မတော်နှစ်ရပ်အကြား ဆုတံဆိပ်များ အပြန်အလှန်ပေးအပ်ခြင်း အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၂၈

မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံအကြား မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးပိုမိုအားကောင်းစေရန်အပါအဝင် စစ်ဘက်နှင့် စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ကြိုးပမ်းမှုများအတွက် တပ်မတော်နှစ်ရပ်အကြား ဆုတံဆိပ်များ အပြန်အလှန်ပေးအပ်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ညှော့ခန်းမဆောင်၌ ကျင်းပပြုလုပ်သည်။


အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander Vasilievich Fomin၊

*စာမျက်နှာ ၃ ကော်လံ ၁* ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander Vasilievich Fomin က "နိုင်ငံတကာ စစ်ဘက်ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေး စွမ်းဆောင်ဆုတံဆိပ်" ကို ဂါရဝပြုချီးမြှင့်အပ်နှင်းစဉ်။

## ယနေ့ ဖတ်စရာ



**မူလအခြေအနေထက် သာလွန်ကောင်းမွန်အောင် အချိန်တို အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့သည့် မြောက်ဦးမြို့နယ်**

ဆောင်းပါး စာ ၁၀

**ကာကွယ်ဆေးပြတ်လပ်မှုကြောင့် ဆိုမာလီယာတွင် ကာလဝမ်းရောဂါဖြစ်ပွားမှုအတွက် စိုးရိမ်နေရ**

နိုင်ငံတကာသတင်း စာ ၁၃

မြန်မာ့အလင်း

# ငြိမ်းချမ်းလိုက ငြိမ်းချမ်းကြရမည်သာ

ယနေ့မြန်မာပြည်သူတစ်ရပ်လုံး၏ လိုအင်ဆန္ဒမှာ ငြိမ်းချမ်းရေးပင်ဖြစ်သည်။ အကယ်၍ ငြိမ်းချမ်းရေးကို မလိုလားဘဲ တိုက်ပွဲများကို လိုလားသူများရှိနေသည်ဆိုပါက ၎င်းတို့သည် နိုင်ငံနှင့် ပြည်သူ မငြိမ်းချမ်းမှုအပေါ်တွင် အကျိုးစီးပွားဖြစ်နေသူများ သို့မဟုတ် မှန်မှန်ကန်ကန်၊ ဆင်ခြင်တုံတရားရှိရှိ စဉ်းစားမြော်မြင်နိုင်စွမ်းမရှိသူ စစ်သွေးကြွများသာလျှင် ဖြစ်နိုင်သည်။ တိုင်းတစ်ပါးလက်အောက် ကျွန်သပေါက်ဘဝတွင် တစ်နိုင်ငံလုံး ငြိမ်သက်ခဲ့သမျှ အချုပ်အခြာအာဏာပိုင် လွတ်လပ်သော နိုင်ငံဘဝတွင် အကြောင်းရင်းခံအမျိုးမျိုးနှင့် လက်နက်ကိုင်အဖွဲ့အစည်းအမျိုးမျိုးပေါ်ပေါက်လာခဲ့ပြီး ပဋိပက္ခတို့ ယနေ့တိုင်မပြီးဆုံးနိုင်သည်မှာလည်း ပြည်သူလူထုအဖို့ နားမလည်နိုင်စရာပင် ဖြစ်သည်။

မိမိတို့နိုင်ငံတွင် နိုင်ငံရေးပြဿနာကို စစ်ရေးနည်းလမ်းဖြင့် အဖြေရှာသည့်အလေ့အထမှာ လွတ်လပ်ရေးရပြီးစကာလမှ စတင်ခဲ့ရာ ယခုအခါ ဓလေ့ထုံးစံတစ်ခုသဖွယ်ပင် ဖြစ်နေပြီဖြစ်သည်။ နိုင်ငံတွင် အစိုးရသစ်တစ်ရပ်တက်တိုင်း လက်နက်ကိုင်အဖွဲ့အစည်း သို့မဟုတ် သူပုန်အသစ်တစ်ဖွဲ့ ပေါ်လာလေ့ရှိသည်မှာ အဆိုပါဓလေ့ထုံးစံ၏ သက်သေသာဓကပင်ဖြစ်သည်။ စစ်ရေးနည်းလမ်းကို ရွေးချယ်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် အကျိုးဆက်များမှာ အနုတ်လက္ခဏာနှင့် အပျက်သဘောများသာဖြစ်ပြီး အနီးဆုံးခံစားရသူများ၊ တိုက်ရိုက်ခံစားရသူများမှာ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားရာ နယ်ပယ်ဒေသများအတွင်းမှ ဒေသခံပြည်သူများဖြစ်သည်။ နောက်တစ်ဆင့်မှာ နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးဖြစ်သည်။ တည်ငြိမ်အေးချမ်းမှု၊ ငြိမ်းချမ်းမှုကင်းမဲ့ခြင်းကြောင့် တည်ဆောက်၍မရ၊ ဖွံ့ဖြိုးတိုးတက်အောင် လုပ်၍လည်း မရသည့်အပြင် ရှိရင်းစွဲအနေအထားတို့ပါ ပျက်စီးရသည်။ နှစ်ပေါင်း ၇၀ ကျော် ၈၀ နီးပါးခန့် သက်ဆိုးရှည်နေပြီဖြစ်သည့် လက်နက်ကိုင်ပဋိပက္ခကို ခေတ်အဆက်ဆက် မရှင်းလင်းနိုင်ခဲ့ခြင်းကြောင့် နိုင်ငံ၏အခြေအနေမှာ နောက်သို့ ရောက်သည်ထက်ရောက်နေပြီဖြစ်သည်။

ပြည်တွင်းရှိ လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားရာဒေသများတွင် လူနေမြို့ရွာများပါမရှောင် တိုက်ပွဲများဖော်ဆောင်လျက်ရှိရာ ဒေသခံပြည်သူများမှာ နေရပ်ကိုစွန့်ခွာ၍ တိုက်ပွဲရှောင်ကြရသည်။ ယခင်နှစ်များကဆိုလျှင် ကိုဗစ်-၁၉ ကပ်ရောဂါ၊ မုန်တိုင်းနှင့် သဘာဝဘေးအန္တရာယ်များ၊ လက်ရှိကာလတွင် အယ်နီညိုကြောင့် အပူရှိန်မြင့်မားလာမှုတို့ကပါ ယာယီတိုက်ပွဲရှောင်ပြည်သူတို့အတွက် ထပ်ဆင့်အန္တရာယ်ဖြစ်သည်။ ထို့အပြင် ကျောင်းနေအရွယ်ကလေးများအဖို့ ပညာရေးအခွင့်အလမ်းဆုံးရှုံးမှု၊ ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးငယ်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများနှင့် အမျိုးသမီးငယ်ရွယ်များအဖို့ စားဝတ်နေရေး၊ ကျန်းမာရေးနှင့် ဘဝလုံခြုံရေးခက်ခဲမှုတို့က အသက်နှင့် ခန္ဓာ တည်မြဲနိုင်ရေးအတွက် တိုက်ပွဲရှောင်လာကြသည့်တိုင်အောင် ထပ်မံရင်ဆိုင်ကြရသည့် အကျပ်အတည်းများပင်ဖြစ်သည်။ သို့ဖြစ်ရာ ဒေသအတွင်း မည်သည့်တိုက်ပွဲမှ မရှိလျှင် ရှောင်စရာမလိုတော့ဘဲ တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ကြမည်ဖြစ်ပြီး ထာဝရငြိမ်းချမ်းရေးကိုပါ တည်ဆောက်နိုင်ပြီဆိုပါက ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ အခွင့်အလမ်းများလည်း ဖြစ်ပေါ်နေမည်ဖြစ်ရာ ပြည်သူတို့အဖို့ ငြိမ်းချမ်းရေးကိုသာ မျှော်လင့်ကြရခြင်းဖြစ်သည်။

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၇)ဖွဲ့၏ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးပွဲကို မတ် ၂၈ ရက် နံနက်ပိုင်းတွင် နေပြည်တော်၌ ကျင်းပခဲ့သည့်သတင်းက ငြိမ်းချမ်းရေးကို လိုလားတောင့်တကြသည့် ပြည်သူလူထုအတွက် မျှော်လင့်ချက်အလင်းရောင်ကလေးကို ဆက်လက်ထွန်းလင်းတောက်ပနေစေသည်။ ပစ်ခတ်တိုက်ခိုက်မှုများရပ်စဲခြင်း၊ ငြိမ်းချမ်းရေးရယူခြင်းတွင် ထိပ်ပိုင်းခေါင်းဆောင်တို့က သော့ချက်ပင်ဖြစ်ပြီး ငြိမ်းချမ်းရေးကို အမှန်တကယ်ရယူဖော်ဆောင်လိုသည့် ဆန္ဒရှိပါက ငြိမ်းချမ်းရမည်ဟု ရိုးသားစွာယုံကြည်သည်။ တိုက်ပွဲရှောင်ပြည်သူတို့၏ အခက်အခဲ၊ အကျပ်အတည်းများနှင့် ဘဝများ၊ ငြိမ်းချမ်းရေးကို လိုလားတောင့်တကြသည့် ပြည်သူတို့၏ ဆန္ဒများကို အလေးအနက်ပြုမျက်နှာမူထောက်ထားလျက် ထာဝရငြိမ်းချမ်းရေးကို ရေးရှုဖော်ဆောင်နိုင်ကြပါစေကြောင်း။ ။

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
   (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၁
(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
   (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၂
(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
   (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၇
(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
   (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၈
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
   (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၉
(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
   (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၀
(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
   (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
   (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁
(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
   (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၂
(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
   (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၃
(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
   (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၄
(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
   (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၅
(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
   (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ဒုတိယရဲချုပ်(၁)၊ ရဲဗိုလ်ချုပ် အောင်အောင် အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## တိမ်အနည်းငယ်ဖြစ်ထွန်း

နေပြည်တော် မတ် ၂၈

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

မိုး/ဇလ

# မြို့နယ်များ၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာသိကောင်းစရာများ အသိပညာပေး

ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများနှင့်စပ်လျဉ်း၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ်များ၌ အသိပညာပေးဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခြင်းနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာသိကောင်းစရာလက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးမှုကို စုစည်းဖော်ပြလိုက်ပါသည်။

**ဇလွန်**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာသိကောင်းစရာများနှင့်ပတ်သက်၍ ပြည်သူများ သိရှိစေရန် အသိပညာပေးဆွေးနွေးပွဲကို မတ် ၂၇ ရက်က ယင်းမလွတ်ကျေးရွာအုပ်စု ယင်းမလွတ်ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်သည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲတွင် ဟသ္သာတခရိုင် ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးသူရိန်နှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများနှင့် ပတ်သက်၍ ပြည်သူ့စစ်မှုထမ်းဥပဒေ၏ ရည်ရွယ်ချက်များ၊ စစ်မှုထမ်းရမည့် အသက်အရွယ်အပိုင်းအခြား၊ စစ်မှုထမ်းဆောင်ရမည့်ကာလ၊ စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့် ရမည့်သူများ၊ ပြည်သူ့စစ်မှုထမ်းဥပဒေအရ ရရှိနိုင်မည့် အခွင့်အရေးများ၊ စစ်မှုထမ်းဆောင်ခြင်းကို ရှောင်လွှဲပါက ကျခံရမည့် ပြစ်မှု၊ ပြစ်ဒဏ်များ၊ ပြည်သူ့စစ်မှုထမ်းတို့၏ ခံစားခွင့်များ စသည်တို့ကို ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ပြည်သူများက ပြည်သူ့စစ်မှုထမ်း ဥပဒေနှင့်ပတ်သက်၍ သိလိုသည်များကို မေးမြန်းရာ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ပြီး ပြည်သူ့စစ်မှုထမ်း ဥပဒေဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။


ဝေယံ(ပြန်/ဆက်)

**လက်ပံတန်း**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ကွမ်းခြံကျေးရွာအုပ်စု ကွမ်းခြံကျေးရွာ၌ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောပွဲကို မတ် ၂၈ ရက် နံနက်ပိုင်းက ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမင်းအောင်က စစ်မှုထမ်းရန် အကျုံးဝင်သူ၊ ပြည်သူ့စစ်မှုထမ်းရန်အချိန်ကာလတို့ကို ရှင်းလင်း၍ ပြည်သူ့စစ်မှုထမ်း ဥပဒေနှင့်ပတ်သက်၍ သတင်းတု၊ သတင်းမှား ကောလာဟလများကို မယုံကြည်ကြရန် ပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့အတွင်းရေးမှူး ရဲမှူးသက်ညွန့်က လက်ရှိဖြစ်ပေါ်နေသော ဒေသအခြေအနေများကို ရှင်းလင်းပြောကြားသည်။

မြို့နယ်
(ပြန်/ဆက်)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် “သီရိသီဟကျော်တံဆိပ်” ရရှိသူ Colonel KURCHENKO Sergei Semyonovich အား ဘွဲ့တံဆိပ်များနှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် “သီရိသီဟကျော်တံဆိပ်” ရရှိသူ Captain 2nd rank YASHIN Dmitry Valerievich အား ဘွဲ့တံဆိပ်များနှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။

❖ *ရှေ့ဖုံးမှ*

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးကောင်စီဥက္ကဋ္ဌ Mr. Pavel GUSEV ၊ စစ်သံမှူး Colonel KURCHENKO Sergei Semyonovich နှင့် ရုရှားတပ်မတော်မှ အရာရှိကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အမိန့်ကိုဖတ်ကြား**

ဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် တိုးရီက မတ် ၂၇ ရက် ရက်စွဲဖြင့် ထုတ်ပြန်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ အမိန့်ကြော်ငြာစာအမှတ် ၆၄/၂၀၂၄ ဖြင့် ခေတ်မီတပ်မတော်တည်ဆောက်နိုင်ရန် နိုင်ငံတကာစစ်ဘက်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ပုဂ္ဂိုလ်များအား စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ပေးအပ်သည့်အမိန့်ကို ဖတ်ကြားတင်ပြသည်။

**လက်ရောက်ချီးမြှင့်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့်ခံရသူများအနက် **“သီရိသီဟကျော်တံဆိပ်”** ရရှိသည့် Colonel KURCHENKO Sergei Semyonovich၊ Captain 2nd rank YASHIN Dmitry Valerievich၊ Captain 2nd rank SHILKOV Vitaly Vasilyevich နှင့် **“သီရိသူရကျော်တံဆိပ်”** ရရှိသည့် Colonel(Rtd) SARATOV Sergei Nikolaevich တို့အား ဘွဲ့တံဆိပ်များနှင့် အဆောင်အယောင်များကို လက်ရောက်ချီးမြှင့်အပ်နှင်းသည်။


၎င်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ Captain 2nd rank YASHIN Dmitry Valerievich က ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သည့် *စာမျက်နှာ ၄ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander Vasilievich Fomin က “နိုင်ငံတကာ စစ်ဘက်ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးစွမ်းဆောင် ဆုတံဆိပ်” ကို ချီးမြှင့်အပ်နှင်းစဉ်။




ဗိုလ်ချုပ်ကြီး မြထွန်းဦး ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander Vasilievich Fomin က “နိုင်ငံတကာ စစ်ဘက်ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးစွမ်းဆောင် ဆုတံဆိပ်” ကို ချီးမြှင့်အပ်နှင်းစဉ်။



ဗိုလ်ချုပ်ကြီး မောင်မောင်အေး ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander Vasilievich Fomin က “နိုင်ငံတကာ စစ်ဘက်ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးစွမ်းဆောင် ဆုတံဆိပ်” ကို ချီးမြှင့်အပ်နှင်းစဉ်။



ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander Vasilievich Fomin က “နိုင်ငံတကာ စစ်ဘက်ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးစွမ်းဆောင် ဆုတံဆိပ်” ကို ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander Vasilievich Fomin နှင့် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၃ မှ*

အမိန့်ကြော်ညာစာအမှတ် ၇၇ ဖြင့် နိုင်ငံတကာ စစ်ဘက်ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ မြန်မာ့တပ်မတော်မှ အဆင့်မြင့်အရာရှိကြီးများအား စွမ်းဆောင်ဆုတံဆိပ်များဖြစ်သည့် **“နိုင်ငံတကာ စစ်ဘက်ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးစွမ်းဆောင်ဆုတံဆိပ်”** နှင့် **“တိုက်ပွဲဝင် သွေးသောက်စိတ် မြှင့်တင်မှုဆုတံဆိပ်”** တို့ကို ချီးမြှင့်အပ်နှင်းသည့်အမိန့်အား ဖတ်ကြားတင်ပြသည်။

**ဂါရဝပြုချီးမြှင့်အပ်နှင်း**

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander Vasilievich Fomin က **“နိုင်ငံတကာ စစ်ဘက်ပူးပေါင်းဆောင်ရွက်မှုဖွံ့ဖြိုးတိုးတက်ရေးစွမ်းဆောင်ဆုတံဆိပ်”** ချီးမြှင့်အပ်နှင်းခြင်းခံရသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ဆုတံဆိပ်ကို ဂါရဝပြုချီးမြှင့်အပ်နှင်းသည်။

**တစ်ဦးချင်း ချီးမြှင့်အပ်နှင်း**

ဆက်လက်ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက **“နိုင်ငံတကာစစ်ဘက်ပူးပေါင်းဆောင်ရွက်မှုဖွံ့ဖြိုးတိုးတက်ရေးစွမ်းဆောင်ဆုတံဆိပ်”** ချီးမြှင့်အပ်နှင်းခြင်းခံရသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် အဆင့်မြင့်တပ်မတော်အရာရှိကြီးများအား ဆုတံဆိပ်များ တစ်ဦးချင်း ချီးမြှင့်အပ်နှင်းသည်။

ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက **“တိုက်ပွဲဝင် သွေးသောက်စိတ်မြှင့်တင်မှုဆုတံဆိပ်”** ချီးမြှင့်ခြင်းခံရသည့် ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် အဆင့်မြင့်တပ်မတော်အရာရှိကြီးများအား ဆုတံဆိပ်များကို တစ်ဦးချင်း ချီးမြှင့်အပ်နှင်းသည်။

**အပြန်အလှန် ပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိကြီးများနှင့် တက်ရောက်လာကြသူများသည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander Vasilievich Fomin တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။



ဗိုလ်ချုပ်ကြီး မိုးအောင် ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander Vasilievich Fomin က “နိုင်ငံတကာ စစ်ဘက်ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးစွမ်းဆောင်ဆုတံဆိပ်” ကို ချီးမြှင့်အပ်နှင်းစဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander Vasilievich Fomin က “နိုင်ငံတကာ စစ်ဘက်ပူးပေါင်းဆောင်ရွက်မှုဖွံ့ဖြိုးတိုးတက်ရေးစွမ်းဆောင်ဆုတံဆိပ်” ကို ချီးမြှင့်အပ်နှင်းစဉ်။



ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ညှော်ခံပွဲအခမ်းအနား တက်ရောက်လာကြသည့်ဧည့်သည်တော်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုညှော်ခံပွဲအခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၂၈**

မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှု တည်ထောင်ခြင်း (၈) နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသောအထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကို နိုင်ငံခြားရေးဝန်ကြီးဌာနက နေပြည်တော်ရှိ KMA နေပြည်တော်ဟိုတယ်၌ ယနေ့ညနေပိုင်းက ကျင်းပပြုလုပ်သည်။

အဆိုပါအခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးစီမံကိန်းများ အကောင်အထည်ဖော်ခဲ့သည့်ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက ဂုဏ်ပြုမိန့်ခွန်းတစ်ရပ် ပြောကြားရာတွင် မဲခေါင်–လန်ချန်းပူးပေါင်းဆောင်ရွက်မှု စတင်ပေါ်ပေါက်လာပုံနှင့် ထိုပူးပေါင်းဆောင်ရွက်မှု၏ အောင်မြင်မှုရလဒ်များအတွက် ပါဝင်ပံ့ပိုးပေးခဲ့ကြသော မဲခေါင်–လန်ချန်း အဖွဲ့ဝင်နိုင်ငံများ၊ အထူးသဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံမှ သက်ဆိုင်ရာဝန်ကြီးဌာနများအား ကျေးဇူးတင်ရှိကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးချုပ်က မဲခေါင်မြစ်သည် နိုင်ငံဖြတ်ကျော် စီးဆင်းလျက်ရှိသည့် မြစ်ကြီးတစ်စင်းဖြစ်ပြီး မဲခေါင်နိုင်ငံ (၆) နိုင်ငံအားလုံးတို့အား သာတူညီမျှစွာ အကျိုးပြုလျက်ရှိကြောင်း၊ မဲခေါင်မြစ်သည် မဲခေါင်မြစ်တစ်လျှောက်တွင် မှီတင်းနေထိုင်ကြသော ပြည်သူလူထုအတွက် စားနပ်ရိက္ခာနှင့်ဝင်ငွေရရှိစေသည့် အဓိက အရင်းအမြစ်တစ်ခုပင်ဖြစ်ကြောင်း၊ မဲခေါင်နိုင်ငံများအနေဖြင့်



ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဂုဏ်ပြုမိန့်ခွန်းပြောကြားစဉ်။

မဲခေါင်မြစ်၏ အကျိုးကျေးဇူးများကို မျှဝေခံစားလျက်ရှိသကဲ့သို့ မဲခေါင်မြစ်ကြီးကို ကာကွယ်ထိန်းသိမ်းရန် မဲခေါင်နိုင်ငံများအားလုံးတွင် တာဝန်ရှိကြောင်း၊ မဲခေါင်မြစ်နှင့်ဆက်စပ်၍ တည်ထောင်အကောင်အထည် ဖော်လျက်ရှိသည့် ပူးပေါင်းဆောင်ရွက်ရေး ယန္တရားများနှင့် အစီအစဉ်များအနက် မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် အအောင်မြင်ဆုံးပူးပေါင်းဆောင်ရွက်မှုတစ်ခုဟု ဆိုနိုင်ကြောင်း၊ မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ၂၀၁၆ ခုနှစ် မတ်လ ၂၃ ရက်တွင် စတင်ပေါက်ဖွားလာခဲ့ပြီး မဲခေါင်မြစ်အား မှီတင်းနေထိုင်ကြသော ပြည်သူလူထု၏ သာယာဝပြောရေးနှင့် ငြိမ်းချမ်းရေးကို ရှေးရှုလျက် မဲခေါင်–လန်ချန်းပူးပေါင်းဆောင်ရွက်ရေး ယန္တရားကို စတင်ထူထောင်ရန် ဆုံးဖြတ်ခဲ့သည့် မဲခေါင် – လန်ချန်း ခေါင်းဆောင်များ၏ အမြော်အမြင်ကြီးမှုအပေါ် ဂုဏ်ပြုလိုကြောင်း၊ မဲခေါင် – လန်ချန်း အထူးရန်ပုံငွေသို့ အမေရိကန်ဒေါ်လာသန်း ၃၀၀ မတည်ထူထောင် ထည့်ဝင်ပေးခဲ့သည့် တရုတ်နိုင်ငံကို ကျေးဇူးအထူးတင်ရှိကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၀ ပြည့်နှစ် ဩဂုတ်လမှ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအထိ တရုတ်နိုင်ငံနှင့် မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှုပူးတွဲဥက္ကဋ္ဌ တာဝန်ယူစဉ်အတွင်း ဝန်ကြီးအဆင့်အစည်းအဝေး (၃)ကြိမ် ကျင်းပနိုင်ခဲ့ကြောင်း၊ ထို့ပြင် စတုတ္ထအကြိမ်မြောက် မဲခေါင်–လန်ချန်း ခေါင်းဆောင်များအစည်းအဝေး၌ အရေးပါသည့် "နေပြည်တော်ကြေညာစာတမ်း"၊ "မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ ငါးနှစ်တာလုပ်ငန်းအစီအစဉ် (၂၀၂၃–၂၀၂၇)" နှင့် "မဲခေါင်–လန်ချန်းပူးပေါင်းဆောင်ရွက်မှု တီထွင်ဆန်းသစ်မှုစင်္ကြံ ဖွံ့ဖြိုးတိုးတက်ရေးပူးတွဲအစီအစဉ်"တို့ကို အောင်မြင်စွာအတည်ပြုနိုင်ခဲ့ခြင်း၊ တရုတ်နိုင်ငံမှ ထောက်ပံ့လျက်ရှိသော မဲခေါင် – လန်ချန်း အထူးရန်ပုံငွေ၏ အရေးပါမှုနှင့် မြန်မာနိုင်ငံအနေဖြင့် ၂၀၁၇ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၆ သန်းတန်ဖိုးရှိ စီမံကိန်းပေါင်း ၁၀၆ ခုကို လက်ခံရရှိကာ နိုင်ငံ၏လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုအပေါ် အကျိုးကျေးဇူးများစွာ ရရှိခဲ့ခြင်းတို့ကို အကျယ်တဝင့်ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးချုပ်က အနာဂတ်တွင်လည်း မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှုယန္တရား ပိုမိုခိုင်မာစေရန် အဖွဲ့ဝင်နိုင်ငံအားလုံးနှင့် ပိုမိုနီးကပ်စွာ လက်တွဲလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှု လက်ရှိပူးတွဲဥက္ကဋ္ဌ ထိုင်းနိုင်ငံနှင့်လည်း အပြည့်အဝပူးပေါင်းသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ၏ ခိုင်မာသောကတိကဝတ်ကို ထပ်လောင်းအတည်ပြုပြောကြားခဲ့ပြီး နေ့စဉ်ထုတ်မြန်မာ့သတင်းစာများ၌ မကြာသေးမီက ရေးသားဖော်ပြခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်၏ မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆောင်းပါးအပေါ် ဂုဏ်ပြုစကား ပြောကြားခဲ့သည်။

ဆက်လက်ပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် လန်ချန်း – မဲခေါင် ပူးပေါင်းဆောင်ရွက်မှုကို လွန်ခဲ့သည့် ၁၀ နှစ်ခန့်က နေပြည်တော်၌ ကျင်းပခဲ့သည့် အာဆီယံ – တရုတ် ထိပ်သီးအစည်းအဝေး၌ ဦးဆုံးအဆိုပြုခဲ့ခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ် မတ်လတွင် လန်ချန်း – မဲခေါင် ပူးပေါင်းဆောင်ရွက်မှုယန္တရားကို တရားဝင်စတင်ခဲ့ကြောင်း၊ လန်ချန်း – မဲခေါင် ပူးပေါင်းဆောင်ရွက်မှု ၈ နှစ်တာကာလအတွင်း ဒေသတွင်း၌ မီးရထားလမ်း၊ ကားလမ်း၊ လေဆိပ်၊ သင်္ဘောဆိပ်၊ သဘာဝဓာတ်ငွေ့နှင့် ဓာတ်အားလိုင်း ချိတ်ဆက်မှု စသည့်ကဏ္ဍများတွင် တိုးတက်မှုများစွာရရှိခဲ့ကြောင်း၊ ပို့ဆောင်ချိတ်ဆက်မှုကဏ္ဍတွင် နီးကပ်စွာပူးပေါင်းဆောင်ရွက်နိုင်မှုကြောင့် စီးပွားရေး၊ ကုန်သွယ်မှုနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုတို့ကို အရှိန်အဟုန်မြှင့်တင်စေနိုင်ခဲ့ကြောင်း၊ လန်ချန်း – မဲခေါင် ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေး စီမံကိန်းစုစုပေါင်း ၇၀၀ ကျော်အား အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ခဲ့ကြောင်း၊ ယမန်နှစ်က တရုတ်နိုင်ငံ၏ စီးပွားရေးသည် တိုးတက်မှုနှုန်း ၅ ဒသမ ၂ ရာခိုင်နှုန်းဖြင့် ကမ္ဘာ့စီးပွားရေးတိုးတက်မှု၏ သုံးပုံတစ်ပုံခန့်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၏ ခေတ်မီဖွံ့ဖြိုးတိုးတက်လာမှုသည် မြန်မာနိုင်ငံနှင့် အခြားမဲခေါင်နိုင်ငံများအတွက် အခွင့်အလမ်းသစ်များ ဖော်ဆောင်လာနိုင်သည့်နည်းတူ လန်ချန်း–မဲခေါင် ပူးပေါင်းဆောင်ရွက်မှုအတွက်လည်း တွန်းအားများ ဖြစ်ပေါ်စေနိုင်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့်ဧည့်သည်တော်များ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ဂုဏ်ပြုညှော်ခံပွဲအား ဆက်လက်ကျင်းပရာ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ဖျော်ဖြေတင်ဆက်ကြကာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ တရုတ်သံအမတ်ကြီး မစ္စတာ ချန်းဟိုင်၊ မဲခေါင်–လန်ချန်းအဖွဲ့ဝင်နိုင်ငံ သံရုံးများမှ သံအမတ်ကြီးများနှင့်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်တို့က အနုပညာရှင်အဖွဲ့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြသည်။

မဲခေါင်–လန်ချန်းဒေသ ငြိမ်းချမ်းရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏လူမှုဘဝသာယာဝပြောရေးအတွက် မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို စတင်ခဲ့ခြင်းဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ပါဝင်၍ ပူးပေါင်းဆောင်ရွက်မှု (၈)နှစ်တာ ကာလအတွင်း ထင်သာမြင်သာရှိသော ဖွံ့ဖြိုးတိုးတက်မှုများကို တွေ့မြင်ရကာ မြန်မာနိုင်ငံအနေဖြင့် မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ အကျိုးကျေးဇူးရလဒ်များကို ခံစားရလျက်ရှိသည်။

**သတင်းစဉ်**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့၏ ကိုယ်စားလှယ်များ၊ မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေး

နေပြည်တော် မတ် ၂၈

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။**



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

တွေ့ဆုံဆွေးနွေးပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) နာယက ဦးခွန်ဥက္ကာ၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)မှ ဥက္ကဋ္ဌ စောမြရာဇာလင်း၊ လားဟူဒီမိုကရက်တစ် အစည်းအရုံး (LDU)မှ ဒုတိယဥက္ကဋ္ဌ ကျာဖူး၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်(DKBA)မှ စောကျော်သန်းငွေ၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီမှ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် စောမောင်မောင်၊ မွန်ပြည်သစ်ပါတီ(NMSP)မှ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် နိုင်အောင်မငေး၊ ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)မှ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် စဝ်ဆောင်းဟန်တို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က အဖွင့်အမှာစကား ပြောကြားရာတွင် (၇၉) နှစ်မြောက် တပ်မတော်နေ့အခမ်းအနား၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မိန့်ကြားခဲ့သည့် NCA နှင့် စပ်လျဉ်းသည့် ငြိမ်းချမ်းရေးဆိုင်ရာ လုပ်ငန်းစဉ်များအား ထပ်ဆင့်ရှင်းလင်း ဆွေးနွေးခဲ့ပြီး လက်နက်ကိုင်ပဋိပက္ခများ ရပ်တန့်နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ တပ်မတော်၏ ငြိမ်းချမ်းရေးဆိုင်ရာ မူဝါဒ ၆ ရပ်နှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုယ်စား ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဥက္ကဋ္ဌ စောမြရာဇာလင်းက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ စဉ်ဆက်မပြတ်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်ကိုအခြေခံသော ပြည်ထောင်စုတည်ဆောက်နိုင်ရေးကိစ္စများ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့(PPST) အား ပြင်ဆင်ဖွဲ့စည်းခြင်းကိစ္စများနှင့် ပတ်သက်ပြီး ဆွေးနွေးပြောကြားသည်။

ထို့နောက် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးကိစ္စများနှင့်ပတ်သက်၍ လည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် INGO အဖွဲ့တို့အကြား အကောင်အထည်ဖော်ဆောင်ရွက်မည့် "မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် လိုအပ်သော အကူအညီများ ပေးအပ်နိုင်ရေးစီမံကိန်း" လျာထားဆောင်ရွက်နိုင် မည့်အခြေအနေများကို လည်းကောင်း အပြန်အလှန် ဆွေးနွေးညှိနှိုင်းကြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ကိုယ်စား ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) ဥက္ကဋ္ဌ စောမြရာဇာလင်းနှင့် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်တို့က နိဂုံးချုပ်အမှာစကားများပြောကြားခဲ့ပြီး လက်ဆောင်ပစ္စည်းများပေးအပ်ကာ တွေ့ဆုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သိရှိရသည်။



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် နိုင်ငံရေးပါတီကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။

မွန်းလွဲပိုင်းတွင် မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံပွဲကို ဆက်လက်ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၄၃ ပါတီမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း နိုင်ငံရေးပါတီများနှင့်တွေ့ဆုံစဉ် ဆွေးနွေးခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) မှ ပြင်ဆင်ရန်သင့်သည်ဟု သုံးသပ်ယူဆရသည့် ပြဋ္ဌာန်းချက်များအပေါ် နိုင်ငံရေးပါတီများ၏ သဘောထားများ ဆွေးနွေးရန်ကိစ္စ၊ ညှိနှိုင်းရေးကော်မတီနှင့်ဆက်လက်တွေ့ဆုံဆွေးနွေးမည့် နိုင်ငံရေးပါတီများ အစုအဖွဲ့နှင့်အလုပ်အဖွဲ့တို့ ဖွဲ့စည်းနိုင်ရေး ကိစ္စများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်က ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှ ပြင်ဆင်ရန်သင့်သည့် အချက်များနှင့် ပတ်သက်၍လည်းကောင်း၊ ညှိနှိုင်းရေး ကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ညှိနှိုင်းရေးကော်မတီ၏ Vision နှင့် Mission များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်တွေ့ဆုံဆွေးနွေးမှုအခြေအနေများနှင့် NCA ၏ မဟာဗျူဟာ ၃ ရပ်နှင့်အညီ ဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဗိုလ်မှူးကြီး ဝဏ္ဏအောင်က ပြည်သူ့စစ်မှုထမ်း ဥပဒေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး တက်ရောက်လာကြသူများက မိမိတို့၏ သဘောထားအမြင်များ၊ အကြံပြုချက်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ တက်ရောက်လာသည့် နိုင်ငံရေးပါတီများကိုယ်စား ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီဥက္ကဋ္ဌ ဦးအေးလွင်က ကျေးဇူးတင်စကားပြောကြားပြီး ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က နိဂုံးချုပ် ဆွေးနွေး ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပြည်သူ့စစ်မှုထမ်းဥပဒေ ရှင်းလင်းအသိပညာပေးဟောပြော

**မော်လမြိုင် မတ် ၂၈**

ပြည်သူ့စစ်မှုထမ်းဥပဒေ ရှင်းလင်းအသိပညာပေး ဟောပြောပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက မွန်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ရာမညခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးတိုးဝင်းနှင့် အရာထမ်း/ အမှုထမ်းဝန်ထမ်း ၂၅၀ တက်ရောက်သည်။

အခမ်းအနားတွင် မွန်ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးတိုးဝင်းက ပြည်သူ့စစ်မှုထမ်း ဥပဒေနှင့် စပ်လျဉ်း၍ စစ်မှုထမ်းဆင့်ခေါ်ခြင်း၊ စစ်မှုထမ်းကာလအတွင်း အကျိုးခံစားခွင့်များ၊ လျာထားစီမံချက်၊ ကင်းလွတ်ခွင့်ရှိသူများ၊ ရှောင်လွှဲပါက ကျသင့်မည့် ပြစ်ဒဏ်များ၊ ယာယီရွှေ့ဆိုင်းခွင့်ရှိသူများ၊ စစ်မှုထမ်းရမည့် အသက်အရွယ်အပိုင်းအခြား သတ်မှတ်ကာလ၊ စစ်မှုထမ်းစနစ်ကို ကျင့်သုံးရသည့် အကြောင်းအရင်း၊ စစ်မှုထမ်းစနစ်နှင့် စပ်လျဉ်း၍ ကျင့်သုံးလျက်ရှိသည့် ကမ္ဘာ့နိုင်ငံများအကြောင်းတို့ကို ရှင်းလင်း အသိပညာပေး ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။



သက်နိုင်(မော်လမြိုင်)

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် မတ် ၂၈**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှလှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

မိုး/ဇလ

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင် ကို လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၂၈**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင် ကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ - တရုတ် နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံ နယ်စပ်ဖြတ်ကျော်သွားလာမှုများ စီမံခန့်ခွဲရေး၊ မြန်မာ - တရုတ် နယ်စပ်ဒေသတစ်လျှောက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး ပိုမိုမြှင့်တင်နိုင်ရန် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်ဖက်အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ (ယာပုံ)

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင်၊ မြို့နယ်များတွင် ရောက်ရှိနေသော ယာယီတိုက်ပွဲရှောင်များကို ဆန်ရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်

**နေပြည်တော် မတ် ၂၈**

လတ်တလော အကြမ်းဖက်ဖြစ်စဉ်များကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင်၊ မြို့နယ်များသို့ တိမ်းရှောင်ရောက်ရှိနေသော ယာယီတိုက်ပွဲရှောင်များကို ဆန်ရိက္ခာဖိုးနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့ ဗထူး မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ယာယီတိုက်ပွဲရှောင်ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်တွင် လတ်တလောဖြစ်ပေါ်နေသော အခြေအနေများနှင့် ထောက်ပံ့ကူညီဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးအတွင်း ရာသီအလိုက် ဖြစ်ပွားတတ်သည့် သဘာဝဘေးအန္တရာယ်များနှင့် ယခုအခါ ပူပြင်းသောနွေရာသီကာလသို့ ရောက်ရှိနေပြီဖြစ်၍ မိုးလေဝသနှင့် ဇလဗေဒဖြစ်စဉ်များကြောင့် ကြုံတွေ့ရနိုင်သည့် လေပြင်းတိုက်ခတ်မှု၊ အပူချိန်လွန်ကဲမှု စသည့် သဘာဝဘေးအန္တရာယ် များနှင့် စပ်လျဉ်းပြီး သတိပြုလိုက်နာနေထိုင်ကြရန်တို့ကို ရှင်းလင်းမှာကြားသည်။

**ထောက်ပံ့ငွေပေးအပ်**

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထောက်ပံ့ပေးနေမှုများ၊ စီစဉ်ဆောင်ရွက်ထားရှိပေးမှုများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့သည့် ဆန်ရိက္ခာဖိုးငွေကျပ် ၅၆၅ ဒသမ ၈၂ သိန်းနှင့် ငွေကျပ် ၁၈၄ သိန်းကျော်တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုး၊ ယာယီတိုက်ပွဲရှောင်ပြည်သူများအနက်မှ ထိခိုက်လွယ်အုပ်စုဝင်များဖြစ်ကြသည့် ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်(၅) နှစ်အောက် ကလေးငယ်များ၊ မသန်စွမ်းသူများ၊ အသက် ၇၀ နှင့်အထက် သက်ကြီးသူများ စုစုပေါင်း ၁၂၄ ဦးအတွက် ငွေကျပ်၃၇သိန်းကျော်တို့ကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် အမရပူရမြို့နယ် မဟာဂန္ဓာရုံကျောင်းတိုက်ရှိ ယာယီတိုက်ပွဲရှောင်စုရပ်သို့ သွားရောက်ကာ တိုက်ပွဲရှောင်ပြည်သူများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားများ ပြောကြားပြီး (ဝဲပုံ) ထောက်ပံ့ငွေများ ပေးအပ်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြသည်။



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ယနေ့ထောက်ပံ့မှု စုစုပေါင်းမှာ ငွေကျပ် ၇၈၆ ဒသမ ၈၂ သိန်းကျော်ဖြစ်ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာနိုင်ငံတစ်ဝန်းတွင် ဖြစ်ပွားသည့် မီးဘေး၊ လေဘေး၊ ရေဘေး စသည့် သဘာဝဘေးအန္တရာယ်များနှင့် လတ်တလော အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီတိုက်ပွဲရှောင်ပြည်သူများအတွက် ငွေကျပ် ၃၂၈၉ သန်းကျော်တန်ဖိုးရှိ ရန်ပုံငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများအား ထောက်ပံ့ခဲ့ပြီးဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် တို့သည် မန္တလေးမြို့ နားမကြားသော ကလေးများကျောင်းတွင် ၁၁ လတာ ဖွင့်လှစ်သင်ကြားခဲ့သော မြန်မာ "စံ"လက်သင်္ကေတပြဘာသာစကား ကူညီပံ့ပိုးသူများ သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်သည်။

**သင်တန်းဆင်းလက်မှတ်များပေးအပ်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၌ လူဦးရေ၏ ၁၂ ရာခိုင်နှုန်းသည် မသန်စွမ်းသူများဖြစ်ပါကြောင်း၊ ယင်းတို့အနက် နားမကြားသော ကလေးများအတွက် လက်သင်္ကေတပြ ဘာသာစကားသည် လူမှုဆက်ဆံရေး၊ ပညာသင်ကြားရေး အပါအဝင် ၎င်းတို့၏ လူနေမှုဘဝတစ်လျှောက်လုံးအတွက် လွန်စွာအရေးကြီးပါကြောင်း၊ သင်တန်းတွင် သင်ကြားခဲ့ရသော အတွေ့အကြုံ၊ ကျွမ်းကျင်မှုများကို အရင်းခံ၍ လက်သင်္ကေတပြဘာသာစကားဖြင့် အကြားအာရုံချို့တဲ့သူများအတွက် ကြိုးစားဆောင်ရွက် ပေးကြစေလိုပါကြောင်းနှင့် အခြားသော စိတ်ပါဝင်စားသူများကိုလည်း ထပ်ဆင့်ဖြန့်ဝေပေးစေလိုပါကြောင်း တိုက်တွန်းမှာကြားပြီး သင်တန်းသားတစ်ဦးချင်းစီကို ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ သင်တန်းသား သုံးဦး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ သင်တန်းသား ၂၁ ဦး စုစုပေါင်းသင်တန်းသား ၂၄ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၂၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် မတ် ၂၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Lwin Mor Aung" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော် ဇေယျာသီရိမြို့နယ် အိုင်စောက်ကျေးရွာနေ လွင်မိုးအောင်အား ညနေ ၄ နာရီ ၄၅ မိနစ်တွင် ရေဆင်းနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်နှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေး

**နေပြည်တော် မတ် ၂၈**

ဆက်သွယ်ရေး ကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်အမိန့်နှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဥပဒေရေးရာဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယနေ့ခေတ်တွင် ရုပ်ရှင်ကားများကို ရုပ်ရှင်ရုံများအပြင် ဆိုရှယ်မီဒီယာ (အွန်လိုင်း)မှတစ်ဆင့် အက်ပလီကေးရှင်းများ၊ ဖေ့စ်ဘွတ်၊ you-tube ၊ Viber ၊ Telegram များမှ Account ၊ Page၊ Group၊ Website များ တည်ထောင်ပြီး ထုတ်လွှင့်ပြသနေသည်ကို တွေ့ရကြောင်း။ အွန်လိုင်းမှ ပြသနေသည့်ရုပ်ရှင်ကားများသည် ရုံတင်ရုပ်ရှင်ကားများကဲ့သို့ ဆင်ဆာအဖွဲ့ကိုတင်ပြီး ခွင့်ပြုချက်ရမှ ပြသသည့်ကားများ မဟုတ်သည့်အတွက် နိုင်ငံတော်၏ မူဝါဒများ၊ ဘာသာရေး၊ လူမျိုးရေး၊တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို ထိခိုက်စော်ကားမှု၊ ရက်စက်ကြမ်းကြုတ်မှုများသည် မောင်နှင့်နှမ၊ သားနှင့်အမိ ကြည့်ရှုရန် မလျော်ညီသည့် အပြောအပြများ၊ နိုင်ငံတော်က ထုတ်ပြန်ထားသည့်တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် မကိုက်ညီသည့် အပြောအပြများ ပါဝင်နေသည်ကို တွေ့ရကြောင်း၊ ထိုအရာများကို ဗန်းပြပြီး အွန်လိုင်း လောင်းကစားဒိုင် တည်ထောင်ခြင်း၊ လိင်ပိုင်းဆိုင်ရာ ဝန်ဆောင်မှု ဆောင်ရွက်ခြင်းများ လုပ်ဆောင်နေသည်ကိုလည်း တွေ့မြင်ရကြောင်း။

ထိုကဲ့သို့ မလိုလားအပ်သည့် အဆိပ်အတောက်များ၊ အဖျက်အမှောင့်များသည် လူငယ် လူရွယ်များ၏ တွေးခေါ်မြော်မြင်မှုများ၊ ခံစားနားလည်မှုနှင့် လုပ်ဆောင်မှုများကို လွဲမှားလာစေနိုင်ကြောင်း၊ အလားတူ နိုင်ငံတော်အနေဖြင့် ယခုကဲ့သို့ ထုတ်လွှင့်ပြသနေခြင်းကို စနစ်တကျဖြစ်စေရေးနှင့် ကြီးကြပ်တည့်မတ် ပေးနိုင်ရေး တရားဝင်အသိအမှတ်ပြု လက်မှတ်ထုတ်မပေးနိုင်သည့်အတွက် နိုင်ငံတော်က ရသင့်ရထိုက်သည့် အခွင့်အရေးများ ဆုံးရှုံးနေရကြောင်း။ ထို့ကြောင့် ခေတ်နှင့်လျော်ညီသည့် မြန်မာ့ရုပ်ရှင်ဥပဒေသစ် ညှိနှိုင်းရေးဆွဲနေဆဲ အချိန်ကာလဖြစ်သည့်အတွက် ဥပဒေသစ် မပေါ်ပေါက်မီစပ်ကြားတွင် တိုးတက်ခေတ်မီသည့် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု ရုပ်ရှင်ထုတ်လုပ်ပြသမှုလုပ်ငန်းများနှင့် ပတ်သက်ပြီး အတိုင်းအတာတစ်ခုအထိ စနစ်တကျရှိစေရန်၊ ရသင့်ရထိုက်သည့် နိုင်ငံတော်၏ အခွန်ဘဏ္ဍာငွေများ ဆုံးရှုံးမှုမရှိစေရန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် မြန်မာ့ဓလေ့ထုံးတမ်းကို ပျက်ပြားစေနိုင်သည့် ရုပ်ရှင်ကား ထုတ်လုပ်ပြသမှုများကို တားမြစ်ပိတ်ပင်နိုင်စေရန်နှင့် ထုတ်လွှင့်ပြသမည့် ရုပ်ရှင်ကားများသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးကိုအထောက်အကူဖြစ်စေပြီး မြန်မာ့ရုပ်ရှင် အဆင့်အတန်းတိုးတက်စေရေးကို အထောက်အကူဖြစ်စေရန်အတွက် ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုအဖြစ် သတ်မှတ်နိုင်ရေးဆောင်ရွက်ခဲ့ကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့က အပ်နှင်းသည့် အမိန့်ထုတ်ပြန်နိုင်ခွင့်ကို ကျင့်သုံးပြီး မတ် ၁၃ ရက်တွင် ပြန်ကြားရေးဝန်ကြီးဌာနက ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်းကို အရေးကြီး ဝန်ဆောင်မှု လုပ်ငန်းအဖြစ် သတ်မှတ်သည့်အမိန့်ကို အမိန့်ကြော်ငြာစာအမှတ် (၃၁/၂၀၂၄) ဖြင့်လည်းကောင်း၊ ဆက်သွယ်ရေး ကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်ကို အမိန့်အမှတ် (၃၂/၂၀၂၄)ဖြင့် လည်းကောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ အခွင့်အာဏာအပ်နှင်းသည့် အမိန့်ကို အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၂၄) ဖြင့် လည်းကောင်း ထုတ်ပြန်ခဲ့ကြောင်း။ အမိန့်အရ အမိန့်ထုတ်ပြန်သည့် မတ် ၁၃ ရက်မှ စတင်ပြီး တစ်လပြည့်မြောက်သည့်အချိန်တွင် စတင်အာဏာသက်ဝင်မည်ဖြစ်သကဲ့သို့ အမိန့်ကို လိုက်နာမှုမရှိသည့် လုပ်ငန်းများကို အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၅ အရ အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်သွားမည် ဖြစ်ကြောင်း။ အမိန့်အရ လုပ်ငန်းအမျိုးအစား သုံးမျိုးရှိပါကြောင်း၊ ၎င်းတို့မှာ ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြုပြီး ရုပ်ရှင်ရုံတည်ထောင်ခြင်း၊ ရုပ်ရှင်ဆိုင်ရာ အက်ပလီကေးရှင်း လွှင့်တင်ခြင်းနှင့် ဆက်သွယ်ရေး ကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းတို့ ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် လိုအပ်သည့်ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက် ထုတ်ပြန်မှုများသည် အားလုံးအတွက် လိုအပ်ချက်များကို ထိန်းသိမ်းရန် ဖြစ်ကြောင်း၊ ချုပ်ကိုင်ရန် မဟုတ်ပါကြောင်း၊ ထုတ်ပြန်သည့်အချက်များသည် ကိုယ့်လုပ်ဖော် ကိုင်ဖက်များကို ကာကွယ်စောင့်ရှောက်ရန်ဖြစ်ပါကြောင်း။ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ယခုအမိန့်ကို ထုတ်ပြန်ခဲ့သည့်အတွက် စနစ်တကျလုပ်ငန်း လုပ်ကိုင်သူများအတွက်လည်း ဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်မည် ဖြစ်ပါကြောင်း၊ ယနေ့ခေတ်တွင် ရုံတင်ကြည့်ရှုသူများသာ မြင်ရကြားရသည်မဟုတ်ဘဲ နည်းပညာတိုးတက်လာမှုအရ ကမ္ဘာတစ်ဝန်းရှိသူ အားလုံးကြည့်ရှုနိုင်ကြသည့် အတွက်စိစစ်ပြီး ရုပ်ရှင်ကားများကိုသာ ထုတ်လွှင့်ပြသခြင်းဖြင့် မြန်မာ့ယဉ်ကျေးမှုရိုးရာဓလေ့ကို ထိခိုက်ခြင်းမရှိစေသော ရုပ်ရှင်ကားများကို ပြသနိုင်မည်ဖြစ်သည့် အတွက် မိမိတို့လူမျိုး၏ တန်ဖိုးကို ကမ္ဘာကသိအောင် ပြသနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်က တရားမဝင်လုပ်ငန်းများကို တရားဝင်ဖြစ်စေရန်နှင့် ဖောက်ဖျက်ကျူးလွန်မှုရှိပါက အရေးယူနိုင်ရေး၊ နိုင်ငံသားများ၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်မည့်ကိစ္စရပ်များအား ကန့်သတ်တားဆီးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဆက်သွယ်ရေး ကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်း လုပ်ငန်းလုပ်ကိုင်ခွင့် အမိန့်ထုတ်ပြန်ရသည့် နောက်ခံအကြောင်းရင်း၊ ဖြစ်ပေါ်လာသည့် အကျိုးဆက်များ၊ ရည်ရွယ်ချက်၊ ရရှိလာမည့် အကျိုးကျေးဇူး၊ အမိန့်ထုတ်ပြန်ရန် လုပ်ငန်းဆောင်ရွက်ခဲ့မှု အဆင့်ဆင့်၊ အမိန့်ထုတ်ပြန်ခြင်း၊ ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်းကို အရေးကြီး ဝန်ဆောင်မှု လုပ်ငန်းအဖြစ် သတ်မှတ်သည့်အမိန့်၊ အမိန့်အား လိုက်နာဆောင်ရွက်နိုင်ရန် အကောင်အထည် ဖော်ဆောင်ရွက်မည့်အစီအစဉ်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းက ဥပဒေပိုင်းဆိုင်ရာများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေနှင့် ယခုလုပ်ကိုင်ခွင့် အမိန့်တို့ပါ အချက်များနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)ဥက္ကဋ္ဌ ဦးလွင်မြင့်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ရဲမှူးကြီးညွှန့်ဝေ၊ ညွှန်ကြားရေးမှူး (ငြိမ်း) ဦးသိန်းထွန်းအောင်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အတွင်းရေးမှူး ဦးဇော်မြင့်ဦးနှင့် အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်တို့က မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် မြန်မာ့ဓလေ့စရိုက်ကို ပျက်ပြားစေနိုင်သော ရုပ်ရှင်ကားထုတ်လွှင့်ပြသမှုများအား ဥပဒေနှင့်အညီ ထိန်းချုပ်နိုင်ရေး၊ သတ်မှတ်စည်းကမ်းချက်များနှင့် အညီ လိုက်နာဆောင်ရွက်ရေး၊ ထိထိရောက်ရောက်အရေးယူ ဆောင်ရွက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**သတင်းစဉ်**

## ရှမ်းပြည်နယ်တောင်ပိုင်း / အရှေ့ပိုင်းသမဝါယမအသင်း အရပ်ရပ်ဆိုင်ရာစည်းဝေး

**တောင်ကြီး မတ် ၂၈**

ရှမ်းပြည်နယ် တောင်ပိုင်း/အရှေ့ပိုင်းသမဝါယမအသင်းစုချုပ် လီမိတက်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို သမဝါယမအသင်းစုချုပ်ရုံးခန်းမ၌ ကျင်းပရာ သဘာပတိ ရှမ်းပြည်နယ်တောင်ပိုင်း/အရှေ့ပိုင်း သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဒေါ်သန်းညိုက လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြဆွေးနွေးပြီး ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်က အမှာစကားပြောကြားသည်။



ဆက်လက်၍ ရှမ်းပြည်နယ်တောင်ပိုင်း/အရှေ့ပိုင်းသမဝါယမအသင်းစုချုပ်၏ အမှုဆောင်အဖွဲ့မှ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းအစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများ၊ အမြတ်ခွဲဝေစာရင်းများ ရှင်းလင်းဖတ်ကြားခြင်း၊ အသင်းစာရင်းစစ် အစီရင်ခံစာတင်သွင်းခြင်း၊ ရှေ့လုပ်ငန်းစဉ်များချမှတ်ခြင်း၊ အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်သည်။

အဆိုပါအစည်းအဝေးသို့ ရှမ်းပြည်နယ် သမဝါယမဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ရှမ်းပြည်နယ် တောင်ပိုင်း/အရှေ့ပိုင်းသမဝါယမ အသင်းစုချုပ်အသင်းအမှုဆောင်များ၊ ဦးစီးကော်မတီဝင်များနှင့်အသင်းဝင်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မိုင်းပန်မြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ချေးငွေပေးအပ်

**မိုင်းပန် မတ် ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ်၌ ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုမြင့်မားရေးအတွက် ၂၀၂၃-၂၀၂၄ ခုနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ချေးငွေပေးအပ်ပွဲအခမ်းအနားကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ဆောင်းဆီထွက်သီးနှံစိုက်ပျိုးမည့် တောင်သူများအား သွင်းအားစုပစ္စည်းများ ဝယ်ယူရန်အတွက် နေကြာတစ်ဧကလျှင် ငွေကျပ် ၂၀၀၀၀၀ နှင့် မြေပဲတစ်ဧကလျှင် ငွေကျပ် ၃၀၀၀၀၀ စုစုပေါင်းချေးငွေကျပ် ၃၀၅၀၀၀၀၀ တို့ကို သက်ဆိုင်ရာတာဝန်ရှိသူများက ချေးငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**နေဘ်မှိုင်း(ပြန်/ဆက်)**

## တိုင်းစစ်ဌာနချုပ်အသီးသီး၌ တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားများ ကျင်းပ

**နေပြည်တော် မတ် ၂၈**

(၇၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားများကို မတ် ၂၇ ရက် နံနက်ပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တို့၌ အသီးသီးကျင်းပကြသည်။

အဆိုပါ စစ်ရေးပြအခမ်းအနားသို့ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြပြီး တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့်တာဝန်ရှိသူများက တက်ရောက်မိန့်ခွန်းပြောကြားကာ စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ထို့နောက် (၇၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ၊ သင်တန်းများတွင် ဆုရရှိအောင်စွမ်းဆောင်နိုင်ခဲ့ကြသူများနှင့် အဆင့်တိုးမြှင့်ခြင်းခံရသည့် စစ်သည်များအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဆင့်တံဆိပ်များ၊ ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တပ်မတော်နေ့အထိမ်းအမှတ် ပြိုင်ပွဲများ ကျင်းပပြုလုပ်ပြီး ဆုရရှိသူများအား တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ကြသည်။ ညပိုင်းတွင်(၇၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲများကို တိုင်းစစ်ဌာနချုပ်များအလိုက် ပြုလုပ်ခဲ့ကြသည်။

အလားတူ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်၊ တပ်ရင်း/တပ်ဖွဲ့များတွင်လည်း (၇၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားများ ကျင်းပခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





## (၇၉)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ်ပိုစတာကြီးများ စိုက်ထူထားပြီး တပ်မတော်ပန်းခြံများတွင် မီးအလှများ၊ ပန်းအလှများဖြင့် အလှဆင်

**နေပြည်တော် မတ် ၂၈**

(၇၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ ပင်လောင်းမီးပွိုင့်လမ်းဆုံနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်း၌ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ပြီး ဇာတိသွေး၊ ဇာတိမာန်တက်ကြွစေမည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်သည်များ၏ လှုပ်ရှားမှုပုံရိပ်များကို ဖော်ကျူးထားသော ပိုစတာကြီးများကို စိုက်ထူထားရှိသည်။

အလားတူပင်လောင်းလမ်းဆုံမှ စစ်ရေးပြကွင်းကြီးသို့ သွားရောက်သည့် လမ်းတစ်လျှောက်တွင်လည်း တပ်မတော်၏ ဆောင်ပုဒ်များကို မြန်မာ–အင်္ဂလိပ်နှစ်ဘာသာဖြင့် စိုက်ထူထားပြီး စစ်ရေးပြကွင်းအဝင်ဝရှိ မုခ်ဦးကြီးကိုလည်း ခမ်းနားထည်ဝါစွာ တွေ့မြင်နိုင်သည်။

စစ်ကြောင်းကြီးများ ချီတက်ရာ လမ်းကြောင်းတစ်လျှောက်၌ စစ်ကြောင်းများ၏ ကိုယ်စားပြုအရောင်အလှမီးများ၊ မီးအလှထွန်းသည့် Truss Beam များ၊ မီးဆိုင်းများ၊ Light Box များ၊ Lighting Pole များဖြင့် လည်းကောင်း၊ စစ်ရေးပြကွင်းကြီး၏ အဝင်မုခ်ဦးတွင် LED Strip Light များ လမ်းဘေးဝဲယာ တစ်လျှောက်၌ မိုးစက်မီးများ၊ Up Light များ၊ Program LED Strip Light များ၊ ရောင်စုံအလှမီးများဖြင့် ဆင်ယင်ထားပြီး စစ်ကြောင်းကြီးများအား ဂုဏ်ပြုကြိုဆိုပါ၏ စာတန်းများ၊ နိုင်ငံတော်အလံနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ) အလံများကို Lighting Effect မီးအလှများဖြင့် ပုံဖော်၍လည်းကောင်း၊ စစ်ရေးပြကွင်းအတွင်း အလေးပြုခံစင်မြင့်မျက်နှာမူရာရှိ သစ်ပင်များ၌လည်း Handmade အလှမီးများဖြင့်လည်းကောင်း၊ မင်းကြီးသုံးပါးရုပ်တုအောက်ခံ၌ တပ်မတော်အလံပုံဖော်ထားသည့် ကြယ်တံဆိပ်နှစ်ခုအား LED Strip Light များဖြင့်လည်းကောင်း အသီးသီးပုံဖော် အလှဆင်ထားသည်ကို ခမ်းနားထည်ဝါစွာ တွေ့မြင်နိုင်မည်ဖြစ်သည်။

ထို့အပြင် ၂၀၂၄ ခုနှစ် (၇၉)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့်နေပြည်တော် စစ်ရေးပြ ကွင်းကြီးရှေ့ရှိ တပ်မတော် ပန်းခြံတွင်လည်း မီးအလှများဖြင့် ဖန်တီးပုံဖော်ထားသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် (၇၉) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်တံဆိပ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များတွင် အသုံးပြုသည့် ယာဉ်ယန္တရားပုံစံငယ်များ၊ ရေယာဉ်ပုံစံငယ်များ၊ လေယာဉ်ပုံစံငယ်များ၊ ရဟတ်ယာဉ်ပုံစံငယ်များကို ပြသထားသည်။ ပန်းခြံအတွင်း ဖိုင်ဘာဖြင့် ပြုလုပ်ထားသည့် စစ်သည်ရုပ်တုငယ်များ၊ ပုံဖော်ထားသည့် ပန်းအလှများ၊ သစ်ပင်များတွင် တပ်ဆင်ထားသည့် မီးရောင်စုံများ၊ မီးရောင်စုံများဖြင့် ပြုလုပ်ထားရှိရာ လာရောက်အပန်းဖြေလည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

(၇၉)နှစ်မြောက် တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့၌လည်း မီးရောင်စုံများ၊ မီးအလှများဖြင့် ထွန်းညှိ၍ ဂုဏ်ပြုအလှဆင်မှုများ ပြုလုပ်ထားလျက်ရှိရာ အဆိုပါ နေရာများသို့ လာရောက်အပန်းဖြေ လည်ပတ်ကြသူများဖြင့် စည်းကားလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် မတ် ၂၈**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Essential Motor Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD ATTO 3 EV အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Myanmar Arr Thit Man Motor Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် CHANGAN DEEPAL S7 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Qingdao CRRC Sifang Rolling Stock Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC TOYOTA BZ4X အမျိုးအစား လျှပ်စစ်သုံးယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

## (၇၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ခဲ့သည့် စစ်ရေးပြစစ်ကြောင်းများမှ အရာရှိ၊ စစ်သည်များ ဂုဏ်ပြုဖျော်ဖြေပွဲကျင်းပ

**နေပြည်တော် မတ် ၂၈**

(၇၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက် စစ်ရေးပြခဲ့ကြ သည့် စစ်ကြောင်းများမှ အရာရှိ၊ စစ်သည်များအား ဂုဏ်ပြုဖျော်ဖြေပွဲကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ကျင်းပသည်။**(ယာပုံ)**

အဆိုပါ ဖျော်ဖြေပွဲတွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေး တပ်ဖွဲ့နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ အနုပညာရှင်များ၊ နိုင်ငံကျော် အနုပညာရှင်များနှင့် တေးသံရှင်များက ဇာတိမာန်နှင့် မျိုးချစ်စိတ်ကို တက်ကြွစေမည့် တေးသီချင်းများ၊ ငြိမ့်ညောင်းသာယာလှသည့် မြန်မာသံတေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများ၊ အကအလှများဖြင့်လည်းကောင်း၊ နိုင်ငံကျော် ဟာသပညာရှင်များက စိတ်ပျော်ရွှင်ချမ်းမြေ့စေမည့် ဟာသပြက်လုံးများဖြင့် လည်းကောင်း ဂုဏ်ပြုဖျော်ဖြေ တင်ဆက်ခဲ့ကြရာ စစ်ရေးပြစစ်ကြောင်းများမှ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက စိတ်လက်ရွှင်လန်းပျော်ရွှင်စွာဖြင့် တစ်ခဲနက်ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုဖျော်ဖြေကြသည့် အနုပညာရှင်များနှင့်အတူ တပျော်တပါး ပါဝင်သီဆိုဆင်နွှဲကြသည်။

ထိုသို့ သီဆိုကပြဖျော်ဖြေနေမှုများကို စစ်ကြောင်းများမှ အရာရှိ၊ စစ်သည်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့်အတူ တပ်မတော်အရာရှိကြီးများနှင့် အဖွဲ့ဝင်များကလည်း သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# မူလအခြေအနေထက် သာလွန်ကောင်းမွန်အောင် အချိန်တိုအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့သည့် မြောက်ဦးမြို့နယ်

*မောင်ငြိမ်းအေး*

၂၀၂၃ ခုနှစ် မေလ ၁၄ ရက်နေ့ နံနက်ပိုင်းက ရခိုင်ပြည်နယ် ကမ်းရိုးတန်းဒေသကိုဖြတ်ကျော်ပြီး စစ်တွေမြို့အနီးမှ ဝင်ရောက်တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" (MOCHA) ၏ အဖျက်စွမ်းအားမှာ အလွန်ကြီးမားလှပါသည်။ ဆိုင်ကလုန်းမုန်တိုင်း အမည်ရှေ့တိုင်း၌ အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းဟု ပညတ်ကြသော်လည်း ယခုမိုခါဆိုင်ကလုန်းမုန်တိုင်းမှာမူ အမြင့်ဆုံးလေတိုက်နှုန်း တစ်နာရီလျှင် မိုင် ၁၂၀ အထိရှိသဖြင့် "အလွန့်" အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းဖြစ်လာခဲ့သည်။

### ကြေမွပျက်စီး

အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" တိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်စလုံး ထိခိုက်ကြေမွပျက်စီးသွားခဲ့သည်။ ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ မြောက်ဦးမြို့နယ်သည်လည်း အခြားမြို့နယ်များနည်းတူ ပျက်စီးဆုံးရှုံးမှု များပြားခဲ့သည်။

မြောက်ဦးမြို့နယ် အတွင်းရှိ ရုံးအဆောက်အဦများ၊ လူနေအိမ်များ အများသောအားဖြင့် အမိုးလန်ပြိုကျပျက်စီးသွားခဲ့သည်။ ထို့အပြင် ဓာတ်တိုင်များ၊ သစ်ပင်များ ကျိုးကျပြိုလဲခြင်း၊ ဆက်သွယ်ရေးလိုင်းများ ပြတ်တောက်ခြင်း၊ သာသနိကအဆောက်အဦများဖြစ်သည့် ဘုရား၊ စေတီ၊ ပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများ ပျက်စီးခြင်း၊ စာသင်ကျောင်းများ၊ ကျန်းမာရေးဆေးခန်းများ၊ တိုက်နယ်ဆေးရုံများ၊ ယာယီခိုလှုံရာစခန်းများ၊ ဆန်စက်များ၊ မွေးမြူရေးကြက်ခြံများ၊ မြို့မဈေးကြီးအတွင်းရှိ ဈေးဆိုင်ခန်းများ စသည်ဖြင့် တစ်မြို့နယ်လုံးရှိ အဆောက်အဦများ ကြေမွပျက်စီးသွားခဲ့သည်။

### ရှုမောဖွယ်ပျက်ပြယ်

မြောက်ဦးမြို့နယ်သည် မြေညီမြေပြန့် မဟုတ်၊ တောင်ကုန်းတောင်ပူစာတို့ဖြင့် သာယာလှပသော မြို့တစ်မြို့ဖြစ်သည်။ မြို့နယ်၏ မြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် သစ်တောများ ဖုံးလွှမ်းနေသော တောင်တန်းများရှိပြီး မြို့တောင်ပိုင်းနှင့် အနောက်ပိုင်းတို့မှာ မြေသြဇာကောင်းမွန်သဖြင့် ဆန်စပါးကို အဓိကစိုက်ပျိုးကြသည်။ မြောက်ဦးမြို့နယ်၏ အထင်ကရ အထိမ်းအမှတ်လက္ခဏာသည် တင့်တယ်ရှုမောဖွယ်ကောင်းသည့် ရှေးဟောင်းစေတီပုထိုးများ မြောက်မြားစွာရှိသဖြင့် ပြည်တွင်း/ပြည်ပ ခရီးသွားများ စိတ်ဝင်စားရာ မြို့တစ်မြို့ဖြစ်သည်။

ပြီးခဲ့သည့်နှစ်က ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်ဖျက်ဆီးမှုကြောင့် သာယာလှပမှုနှင့် ရှုမောဖွယ်ရာများ အကျည်းတန် အရုပ်ဆိုး ဖြစ်ခဲ့ရသည်။ မြောက်ဦးမြို့နယ်သည် ရခိုင်ပြည်နယ် မြောက်ပိုင်းမှ ခရိုင်မြို့တစ်မြို့ဖြစ်သည်။ ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ စစ်တွေခရိုင်၊ မောင်တောခရိုင်တို့နှင့်အတူ မြောက်ဦးခရိုင်သည်လည်း ပျက်စီးဆုံးရှုံးမှုအများဆုံး ဖြစ်ခဲ့သည်။ မုန်တိုင်းတိုက်ခတ်မှုကြောင့် မြောက်ဦးမြို့နယ်ရှိ လူနေအိမ်နှင့်အဆောက်အဦ ၂၀၅၁၉ ခုမှာ တစ်စိတ်တစ်ပိုင်း ပျက်စီးသွားခဲ့ပြီး လူနေအိမ်နှင့်အဆောက်အဦ ၇၅၆၁ ခုမှာ လုံးဝပျက်စီးပြိုကျသွားခဲ့သည်။ ဆုံးရှုံးမှုတန်ဖိုးစုစုပေါင်းမှာ ကျပ်သန်းပေါင်း နှစ်သောင်းကျော်ရှိကြောင်း ခန့်မှန်းထားသည်။

### ကြိုတင်ပြင်ဆင်

အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါသည် အဖျက်စွမ်းအား အလွန်ကြီးမားသော်လည်း နိုင်ငံပိုင်မီဒီယာမှတစ်ဆင့် ကြိုတင်အသိပေးထားမှု၊ ရှာဖွေကယ်ဆယ်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများအား ကြိုတင်ပြင်ဆင် ဖွဲ့စည်းထားမှုတို့ကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများအနေဖြင့် မိမိနေအိမ်များ ပျက်စီးမည်ကိုသိသော်လည်း စိုးရိမ်စရာကြီးကြီးမားမား မဖြစ်ခဲ့ကြပေ။ မြောက်ဦးခရိုင်အတွင်းရှိ မြို့နယ် လေးမြို့နယ်တွင် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ကြမည့် အင်အား ၄၆၅ ဦးကို စုရပ်နေရာ ၁၃ ခုတွင် အသင့်ပြင်ဆင်ထားရှိခြင်း၊ မုန်တိုင်းသတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန် ဆောင်ရွက်ထားရှိခြင်းနှင့် စားနပ်ရိက္ခာများ တစ်ပတ်စာကြိုတင်သိုလှောင်ထားရှိခြင်းတို့ကြောင့် ပြည်သူများအနေဖြင့် ပူပန်မှုကြီးကြီးမားမား မဖြစ်ခဲ့ခြင်းဖြစ်သည်။

> **" အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါသည် အဖျက်စွမ်းအား အလွန်ကြီးမားသော်လည်း နိုင်ငံပိုင်မီဒီယာမှတစ်ဆင့် ကြိုတင်အသိပေးထားမှု၊ ရှာဖွေကယ်ဆယ်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများအား ကြိုတင်ပြင်ဆင် ဖွဲ့စည်းထားမှုတို့ကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများအနေဖြင့် မိမိနေအိမ်များ ပျက်စီးမည်ကိုသိသော်လည်း စိုးရိမ်စရာ ကြီးကြီးမားမား မဖြစ်ခဲ့ကြပေ "**

### ဂုဏ်ယူဝင့်ကြွား

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ကွပ်ကဲမှုအောက်ရှိ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီများအနေဖြင့် မုန်တိုင်းဘေးအန္တရာယ် ကျရောက်နိုင်သည့် လမ်းကြောင်းပေါ်တွင် နေထိုင်ကြသည့် ပြည်သူများအား ဘေးလွတ်ရာနေရာများသို့ ကူညီရွှေ့ပြောင်းပေးထားသဖြင့် မြောက်ဦးမြို့နယ်အတွင်းမှ ပြည်သူများ ထိခိုက်သေဆုံးမှုအန္တရာယ်မှ ကင်းဝေးခဲ့ကြသည်။ မုန်တိုင်းသင့်ဒေသများတွင် မုန်တိုင်း မကျရောက်မီ၊ မုန်တိုင်းကျရောက်စဉ်နှင့် မုန်တိုင်းကျရောက်ပြီးကာလတစ်လျှောက်တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊

*စာမျက်နှာ ၁၁ သို့*



**မုန်တိုင်းဘေးလွတ်ရာ ကြိုတင်ပြောင်းရွှေ့ပေး**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်တွင် မုန်တိုင်းအန္တရာယ် ကျရောက်နိုင်သောနေရာများမှ ပြည်သူများနှင့် ပစ္စည်းများကို တာဝန်ရှိသူများ ကြီးကြပ်မှုဖြင့် ဘေးလွတ်ရာသို့ ကြိုတင်ပြောင်းရွှေ့ပေးစဉ်။





**ထိခိုက်ပျက်စီးမှုများ ရှင်းလင်းဖယ်ရှား**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်၌ အလွန့်အလွန်အားကောင်းသော မိုခါဆိုင်ကလုန်း မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးမှုများနှင့် ပြိုလဲပျက်စီးသည့် သစ်ပင်သစ်ကိုင်းများကို တပ်မတော်သားများနှင့် ကူညီကယ်ဆယ်ရေးအဖွဲ့များဖြင့် ရှင်းလင်းဖယ်ရှားစဉ်။

*စာမျက်နှာ ၁၀ မှ*

သန္တေမီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများ၏ ဂုဏ်ယူဝင့်ကြွားစေတနာထက်သန်စွာဖြင့် ကူညီကယ်ဆယ်စောင့်ရှောက်ပေးမှုများသည် မုန်တိုင်းသင့်ပြည်သူများအတွက် တစ်အားဖြစ်စေသည်။

**တာဝန်ပေးအပ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အလွန့်အလွန်အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေး အန္တရာယ်ကျရောက်သော ဒေသများအဖြစ် မေလ ၁၅ ရက်နှင့် မေလ ၁၆ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ကြေညာချက်များပါဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်ရန်အတွက် တပ်မတော်အရာရှိကြီးများအား အချိန်မဆိုင်းဘဲ တာဝန်ပေးအပ်ခဲ့ရာ မြောက်ဦးမြို့နယ်တွင် တပ်မတော်အရာရှိကြီး တစ်ဦးဖြစ်သည့် ဗိုလ်ချုပ်သောင်းထိုက်ရွှေ ကို တာဝန်ပေးအပ်ခဲ့ပြီး ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အလျင်အမြန် ဆောင်ရွက်ခဲ့သည်။

**ထောက်ပံ့ပေးအပ်**

မုန်တိုင်း တိုက်ခတ်ပြီးသည်နှင့် ရှာဖွေကူညီကယ်ဆယ်ရေးအဖွဲ့များက မြို့ပေါ် ရပ်ကွက်၊ ကျေးရွာများအတွင်း ပြိုကျပျက်စီးမှုများကို အလျင်အမြန် ရှင်းလင်းဖယ်ရှားပေးကြပြီး မုန်တိုင်းရှောင်ပြည်သူများကို ပြန်လည်နေရာချထားပေးကြသည်။ ဆက်လက်၍ မြောက်ဦးမြို့နယ်အတွင်းရှိ မုန်တိုင်းသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို နယ်မြေခံတပ်မမှူးဦးဆောင်မှုဖြင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများက မြောက်ဦးမြို့တော်ခန်းမ၌ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအား ဦးစွာပေးအပ်ခဲ့ကြသည်။

မုန်တိုင်းသင့် ပြည်သူများအား ထောက်ပံ့ပေးအပ်ရာတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်သောဆန်အိတ် ၆၂၁ အိတ်နှင့် ဆီ၊ ဆား၊ ငါးပိတို့ကို မြောက်ဦးမြို့နယ် အလယ်ချောင်းကျေးရွာ၊ ဇီးပင်ကြီးကျေးရွာ၊ ရဲဖျားကျေးရွာ စသည့်ကျေးရွာအုပ်စု ၁၉ အုပ်စု၊ ကျေးရွာ ၅၆ ရွာရှိ ပြည်သူတစ်သောင်းကျော်အား ထောက်ပံ့ပေးအပ်ခဲ့သည်။ အလားတူ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဦးစီးဌာနကလည်း ကျေးရွာအုပ်စုလေးအုပ်စုမှ လုံးဝပျက်စီးသွားသောနေအိမ်များ ပြန်လည်တည်ဆောက်ရန်အတွက် ထောက်ပံ့ရေးပစ္စည်း ၁၇ မျိုးကို ကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ထောက်ပံ့ခဲ့ပြီး ကျန်ရှိသော ကျေးရွာအုပ်စုများကိုလည်း ဆက်လက်ထောက်ပံ့ပေးအပ်ခဲ့သည်။



**မဟာထီးစေတီ အရံစေတီထီးတော်ပျက်စီးမှု**

မိုခါမုန်တိုင်းကြောင့် မဟာထီးစေတီအရံစေတီထီးတော် ပျက်စီးမှုအခြေအနေကို တွေ့ရစဉ်။



**ပြုပြင်ပြီးအခြေအနေ**

မိုခါမုန်တိုင်းကြောင့် မဟာထီးစေတီအရံစေတီထီးတော် ပြုပြင်ပြီးအခြေအနေကို တွေ့ရစဉ်။

**နေ့စဉ်ဆောင်ရွက်**

ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် ပျက်စီးသွားသည့် ကျေးရွာများနှင့် ပြန်လည်တည်ဆောက်ရမည့်အခြေအနေများကို မုန်တိုင်းလွန်ကာလမှစ၍ မြောက်ဦးမြို့နယ်ကို တာဝန်ယူဆောင်ရွက်ရသည့် ဗိုလ်ချုပ် သောင်းထိုက်ရွှေက မြို့နယ်မှ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ မြို့နယ်အတွင်း နေ့စဉ်လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရုံးအဆောက်အဦများ၊ ဆေးရုံ၊ ဆေးပေးခန်းများ၊ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် လူနေအိမ်များ စသည့် လုံးဝပျက်စီးသွားသည့် အဆောက်အဦများ၊ တစ်စိတ်တစ်ပိုင်း ပျက်စီးသွားသည့် အဆောက်အအုံများကို ခွဲခြားစာရင်းကောက်ယူကာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်ပေးခဲ့သည်။

**ကျောင်းဖွင့်အမီ**

မြောက်ဦးမြို့နယ်တွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း အပါအဝင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းပေါင်း ၁၆၈ ကျောင်း ပျက်စီးသွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုး ကျပ်သန်းပေါင်း ၃၅၉ သန်း ကျော်ရှိကြောင်း သိရသည်။ မြောက်ဦးမြို့ပေါ်တွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းခွဲ၊ အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း၊ တောင်ရပ် မူလတန်းကျောင်းနှင့် မူလတန်းလွန်ကျောင်းများမှာ ခေါင်မိုးနှင့် မျက်နှာကြက်များ လုံးဝပျက်စီးသွားသဖြင့် ကျောင်းဖွင့်ရာသီအမီ အမြန်ပြန်လည်တည်ဆောက် ပြုပြင်နိုင်ရန်အတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများက ထောက်ပံ့ကူညီ ဆောင်ရွက်ပေးခဲ့သည်။

**အခွင့်အရေးမဆုံးရှုံး**

မြောက်ဦးမြို့နယ်အတွင်း လုံးဝပျက်စီးသွားသော ကျောင်း ၁၇ ကျောင်းကို ပြန်လည်ပြင်ဆင် တည်ဆောက်နေချိန်တွင် ကျောင်းသား၊ ကျောင်းသူများ နေထိုင်ရာ ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများနှင့် ဓမ္မာရုံများတွင် တစ်နေ့လျှင် နှစ်ကြိမ်ခွဲပြီး စဉ်ဆက်မပြတ်ပညာသင်ကြားနိုင်ရန် ဆောင်ရွက်ပေးခဲ့သည်။ မြောက်ဦးမြို့နယ်တွင် အခြေခံပညာကျောင်း ၁၆၈ ကျောင်းရှိသည့်အနက် ဇူလိုင်လ ၂၃ ရက်နေ့တွင် ၁၃၅ ကျောင်းကို ပြုပြင်တည်ဆောက်ပေးနိုင်ခဲ့သည်။ ကျန်ရှိသောကျောင်းများကို ဆက်လက် ဆောင်ရွက်ခဲ့သည်။ ဆိုင်ကလုန်းမုန်တိုင်းလွန် ကာလတွင် အချိန်တိုအတွင်း ပြန်လည်တည်ဆောက်ပေးနိုင်သောကြောင့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားမှု အခွင့်အလမ်းများ မဆုံးရှုံးဘဲ နေ့စဉ်ကျောင်းတက် ပညာသင်ယူနိုင်ခဲ့ကြသည်။

**အခက်အခဲဖြစ်**

မြောက်ဦးမြို့နယ်တွင် ဆေးရုံ၊ ဆေးခန်း ရှစ်ခု၊ ကျေးလက်ကျန်းမာရေးဆေးခန်းအခု ၂၀ စုစုပေါင်း ကျန်းမာရေးအဆောက်အဦ ၂၈ ခု ပျက်စီးဆုံးရှုံးခဲ့သည်။ မြောက်ဦးမြို့နယ် တိုင်းရင်းဆေးကုဌာနမှလည်း မြို့နယ်အတွင်းရှိကျေးရွာများမှ ပြည်သူများအား ကျန်းမာရေး အသိပညာပေးခြင်း၊ တိုင်းရင်းဆေးဝါးများ လှူဒါန်းခြင်းတို့ကို ပြုလုပ်ပေးခဲ့သည်။ ကျန်းမာရေးဝန်ထမ်းများက ကုသပေးကြသည်။ မိုခါမုန်တိုင်း တိုက်ခတ်မှုကြောင့် မြောက်ဦးမြို့နယ်အတွင်းရှိ ရေအရင်းအမြစ်များ ဆုံးရှုံးပျက်စီးသွားခဲ့သည်။ မြို့နယ်အတွင်းရှိ တာအရှည်ပေ ၈၀၁၁၉ ပေ၊ ရေတွင်းလေးတွင်း၊ ရေကန် ၈၇ ကန် ပျက်စီးသွားခဲ့သည်။ ပြည်သူများ အားထားသောက်သုံးရာ ရေတွင်း၊ ရေကန်များ ပျက်စီးသွားသဖြင့် များစွာအခက်အခဲဖြစ်ကြရသည်။

မြောက်ဦးမြို့နယ်တွင် စေတီတော်နှစ်ဆူ၊ ဘုန်းတော်ကြီးကျောင်းနှင့် သာသနိကအဆောက်အဦ ၅၆၅ ခု ပျက်စီးဆုံးရှုံးခဲ့သည်။ မြောက်ဦးမြို့နယ်တွင် ရခိုင်ပြည်နယ်၏ ရှေးဟောင်းအမွေအနှစ်တစ်ခုဖြစ်သည့် နန်းတော်ရာကုန်းအား မူလအခြေအနေအတိုင်း ပတ်ဝန်းကျင် သာယာလှပစေရေးအတွက် မုန်တိုင်းလွန်သည့်ကာလမှစ၍ နယ်မြေခံတပ်ရင်း တပ်ဖွဲ့များမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျိုးကျနေသော သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်း၊ လမ်းပိတ်ဆို့နေသော သစ်ကိုင်းများကို ရှင်းလင်းဖယ်ရှားခြင်း၊ လမ်းဘေးချုံနွယ် အမှိုက်များကို ရှင်းလင်းခြင်းတို့ကို နေ့စဉ်ဆောင်ရွက်ခဲ့ကြသည်။

*စာမျက်နှာ ၁၂ သို့*



**တင်းထိန်ကန်ကျေးရွာ**
**သောက်သုံးရေသုံးစွဲနိုင်ရေး**

မြောက်ဦးမြို့နယ် တင်းထိန်ကန်ကျေးရွာ ပြည်သူများ သောက်သုံးရေ ဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် ကျေးရွာ ရေကန်တာပေါင်မြှင့်တင်ခြင်း မဆောင်ရွက်မီ တွေ့ရပုံနှင့် တာပေါင်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်မှုကို တွေ့ရစဉ်။



စာမျက်နှာ ၁၁ မှ

### အမြန်ဆုံးပြုပြင်

မြောက်ဦးမြို့နယ် အတွင်းရှိ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများလည်း မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုး ကျပ်သန်းပေါင်း ၁၇၇၃ သန်း ကျော်ရှိခဲ့သည်။ မြို့နယ်အတွင်းရှိ ဆန်စက် ၅၃ စက် ပျက်စီးသွားသည်။ မွေးမြူရေးလုပ်ငန်းများတွင် တိရစ္ဆာန်ကောင်ရေ ၄၉၁၈၂ ကောင် သေဆုံးခဲ့ပါသည်။ ဆုံးရှုံးမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာအဖွဲ့အစည်းများက ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးခဲ့သည်။ မြောက်ဦးမြို့နယ်အတွင်း ဒေသခံပြည်သူများ သွားလာလုပ်ကိုင်ဆက်သွယ်မှုအတွက် တည်ဆောက်ပေးထားသော လမ်းနှစ်ခုနှင့် တံတား လေးခု ပျက်စီးခဲ့သည်ကိုလည်း ဆောက်လုပ်ရေးဝန်ကြီးဌာနက အမြန်ဆုံးပြန်လည်ပြုပြင်တည်ဆောက်ပေးခဲ့သည်။

ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ လျှပ်စစ်မီးတိုင်များ၊ မီးကြိုးများ၊ ထရန်စဖော်မာများ၊ ဓာတ်အားခွဲရုံများ၊ လျှပ်စစ်တာဝါတိုင်များ၊ အများအပြား ပျက်စီးဆုံးရှုံးခဲ့ရာ မြောက်ဦးခရိုင် အတွင်းရှိ လျှပ်စစ်အဆောက်အဦနှင့် ပစ္စည်းများလည်း ပါဝင်ခဲ့သည်။ မြောက်ဦးမြို့နယ်တွင် လျှပ်စစ်တာဝါတိုင် နှစ်ခုနှင့် ဓာတ်တိုင် ၁၇၇ ခု ပြိုကျပျက်စီးသွားခဲ့ပါသည်။ ဆုံးရှုံးမှုတန်ဖိုးမှာ ကျပ်သန်းပေါင်း ၆၀ ကျော်ရှိသည်။ အဆိုပါလျှပ်စစ်ကဏ္ဍဆိုင်ရာ ပျက်စီးမှုများကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများက မုန်တိုင်းလွန်ကာလတစ်လျှောက် နေ့စဉ်ပြန်လည် တည်ဆောက်ခဲ့ကြပါသည်။

### ဝမ်းမြောက်ပျော်ရွှင်

မြို့နယ်အတွင်း ပျက်စီးသွားသော လျှပ်စစ်ကွန်ရက်များကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် မြို့နယ်လျှပ်စစ်ဝန်ထမ်းများက နေ့မအား ညမနား ပြန်လည်တည်ဆောက်ခဲ့ကြရာ မူလက လျှပ်စစ်ဓာတ်အား ပြန်လည်ပေးနိုင်ရေးကို ဇွန်လကုန်မှသာ ရရှိမည်ဟု ခန့်မှန်းခဲ့သော်လည်း ဝန်ထမ်းများ၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် ဇွန်လ ၂၃ ရက်နေ့ နံနက်တွင် ၆၆ ကေဗွီ ပုဏ္ဏားကျွန်း- မြောက်ဦးလိုင်းနှင့် ၆၆ ကေဗွီ မြောက်ဦး-မင်းပြားလိုင်းတို့ကို လျှပ်စစ်ဓာတ်အား ပြန်လည်ချိတ်ဆက်နိုင်ခဲ့သည်။

ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းတိုက်ခတ်မှုကြောင့် မြောက်ဦးမြို့နယ်နှင့် တစ်ဆက်တစ်စပ်တည်း ဖြစ်သည့် စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မင်းပြား၊ မြေပုံ၊ ပေါက်တော၊ ရသေ့တောင်များရှိ လျှပ်စစ်မီးတိုင်များအားလုံး ပျက်စီးသွားခဲ့ပြီး မီးများပြတ်တောက်သွားခဲ့သည်။ ပြတ်တောက်သွားသော လျှပ်စစ်ပိုင်းဆိုင်ရာတို့ကို ဝန်ထမ်းများက အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ကြသောကြောင့် ဇွန်လ ၂၃ ရက်နေ့ နံနက် ၁၁ နာရီ ၂၃ မိနစ်အချိန်မှစ၍ မြောက်ဦးမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် လျှပ်စစ်မီး ရာနှုန်းပြည့်ရရှိသဖြင့် ကျောင်းသား၊ ကျောင်းသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများ ဝမ်းမြောက်ပျော်ရွှင်ခဲ့ကြသည်။

### ထိခိုက်မှုအနည်းဆုံး

ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုနှင့်ပတ်သက်၍ မိုးလေဝသတင်းများကို အချိန်နှင့်တစ်ပြေးညီ အလေးထားပြီး အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှု၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့အစည်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်မှုဖြင့် မုန်တိုင်း မကျရောက်မီကာလအတွင်း မြောက်ဦးမြို့နယ်အပါအဝင် မြို့နယ်များရှိ သဘာဝဘေးအန္တရာယ်ခိုလှုံရာ Shelter များသို့ လည်းကောင်း၊ ဘေးလွတ်ရာများသို့ လည်းကောင်း အိမ်ထောင်စုများအား ရွှေ့ပြောင်းပေးနိုင်ခဲ့သဖြင့် လူအသေအပျောက်နှင့် ထိခိုက်မှု နည်းပါးခဲ့သည်။ မြောက်ဦးမြို့နယ်တွင် လူအသေအပျောက်နှင့် ထိခိုက်မှု မရှိခဲ့ပါ။ ပျက်စီးဆုံးရှုံးမှုမှာလည်း အများဆုံးအဆင့်တွင် မပါဝင်ခဲ့သည်ကိုတွေ့ရသည်။

### ရိုင်းပင်းကူညီ

အလွန့်အလွန်အင်အား ပြင်းထန်သော ဆိုင်ကလုန်းမုန်တိုင်းမိုခါသည် အဖျက်စွမ်းအားကြီးမားလှသဖြင့် မုန်တိုင်းဖြတ်သန်းရာ ဒေသများအားလုံး ထိခိုက်ပျက်စီးမှုနှင့် သေဆုံးထိခိုက်မှုကြီးမားမည်ဟု ခန့်မှန်းခဲ့ကြသော်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မေလ ၁၄ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်၌ ပြုလုပ်သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး အရေးပေါ်အစည်းအဝေးတွင် သဘာဝဘေးအန္တရာယ် မကျရောက်မီနှင့် ကျရောက်ပြီးချိန်များတွင် လိုအပ်သည့် အရေးပေါ်စီမံခန့်ခွဲခြင်း၊ တုံ့ပြန်ခြင်း၊ ကယ်ဆယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အသင့်ပြင်ဆင်စုဖွဲ့ထားခြင်းနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိုယ်စီ လုပ်ငန်းတာဝန်များနှင့် ပတ်သက်သည့် လမ်းညွှန်မှာကြားချက်များကို ထိထိရောက်ရောက် တက်တက်ကြွကြွတက်ညီလက်ညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုနှင့် ပြည်ထောင်စုဖွား ညီနောင်သားချင်း ရိုင်းပင်းကူညီသည့် မွန်မြတ်သော စိတ်ထားဖြင့် ဆောင်ရွက်နိုင်ခဲ့သောကြောင့် အသေအပျောက် ထိခိုက်မှု အနည်းဆုံးဖြင့် မူလအခြေအနေထက် သာလွန်ကောင်းမွန်အောင် အချိန်တိုအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။ ။

**“ သဘာဝဘေးအန္တရာယ်မကျရောက်မီနှင့် ကျရောက်ပြီးချိန်များတွင် လိုအပ်သည့် အရေးပေါ်စီမံခန့်ခွဲခြင်း၊ တုံ့ပြန်ခြင်း၊ ကယ်ဆယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အသင့်ပြင်ဆင်စုဖွဲ့ထားခြင်းနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိုယ်စီလုပ်ငန်းတာဝန်များနှင့်ပတ်သက်သည့် လမ်းညွှန်မှာကြားချက်များကို ထိထိရောက်ရောက် တက်တက်ကြွကြွ တက်ညီလက်ညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုနှင့် ပြည်ထောင်စုဖွား ညီနောင်သားချင်း ရိုင်းပင်းကူညီသည့် မွန်မြတ်သောစိတ်ထားဖြင့် ဆောင်ရွက်နိုင်ခဲ့သောကြောင့် အသေအပျောက် ထိခိုက်မှုအနည်းဆုံးဖြင့် မူလအခြေအနေထက် သာလွန်ကောင်းမွန်အောင် အချိန်တိုအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ ”**



**စာသင်ကြားမှုမပျက် ကျောင်းတက်ရောက်နိုင်**

မုန်တိုင်းကြောင့် စာသင်ကျောင်းများပျက်စီးမှု ဖြစ်ပေါ်ခဲ့ရသော်လည်း နိုင်ငံတော်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများ၏ ကြိုးပမ်းဆောင်ရွက်မှုဖြင့် ကျောင်းစတင်ဖွင့်လှစ်သည့်အချိန်တွင် ကျောင်းသားကျောင်းသူများ စာသင်ကြားမှုမပျက် ကျောင်းတက်ရောက်နိုင်သည်ကို တွေ့ရစဉ်။



**ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေး**

မိုခါမုန်တိုင်းတိုက်ခတ်ခံရသည့် မြောက်ဦးမြို့ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ဆေးကုသပေးသည်ကို တွေ့ရစဉ်။



**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေး**

မိုခါမုန်တိုင်းကြောင့် လျှပ်စစ်ဓာတ်အားရရှိမှု အခက်အခဲဖြစ်ပေါ်ခဲ့သော်လည်း သက်ဆိုင်ရာတာဝန်ရှိသူများ၏ ကြိုးပမ်းမှုဖြင့် မြောက်ဦးမြို့ပေါ် ရပ်ကွက်များ၌ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးထားမှုကို တွေ့ရစဉ်။ (၂၃ - ၆ - ၂၀၂၃ ရက်)

# ရာဖာအရေးဆွေးနွေးပွဲပြန်လည်စီစဉ်ရန် အစ္စရေးသဘောတူဟု အိမ်ဖြူတော်ပြောကြား

**ဂါဇာ မတ် ၂၈**

ဂါဇာကမ်းမြောင်တောင်ပိုင်း၌ ကြိုတင်စီစဉ်ထားသည့် အစ္စရေးတို့၏ မြေပြင်ထိုးစစ်နှင့်ပတ်သက်ပြီး နှစ်နိုင်ငံအကြား ဆွေးနွေးပွဲပြန်လည်စီစဉ်ရန် အစ္စရေးဘက်က သဘောတူခဲ့ကြောင်း အမေရိကန်က ပြောကြားလိုက်သည်။

ယခုသီတင်းပတ်တွင် ဝါရှင်တန်သို့ ကိုယ်စားလှယ်အဖွဲ့စေလွှတ်မည့်အစီအစဉ်ကို အစ္စရေးက ဖျက်သိမ်းလိုက်ပြီးနောက် ဆွေးနွေးပွဲပြန်လည်စီစဉ်ရန် သဘောတူခဲ့သည်ဆိုသည့် သတင်းမျိုး ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

အစ္စရေးဝန်ကြီးချုပ် ဘန်ဂျမင်နေတန်ယာဟုနှင့် မတ် ၁၈ ရက်က တွေ့ဆုံဆွေးနွေးပြီးနောက် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က အစ္စရေးတို့၏ ရာဖာစီးနင်းတိုက်ခိုက်မှုကြောင့် အရပ်သားအများအပြား သေဆုံးနိုင်ခြေရှိသည်ဆိုသည့် စိုးရိမ်ပူပန်မှုများကို ဖော်ပြခဲ့သည်။ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ညှိနှိုင်းဆွေးနွေးသွားရန် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို စေလွှတ်ပေးနိုင်ရေး အမေရိကန်သမ္မတက အစ္စရေးဝန်ကြီးချုပ်ကို တိုက်တွန်းပြောကြားခဲ့သည်။

သို့သော် ဂါဇာတွင် ရုတ်တရက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး တောင်းဆိုထားသည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို တားမြစ်ရန်ပျက်ကွက်ခဲ့သည့် အမေရိကန်ပြည်ထောင်စု၏ ပျက်ကွက်မှုကို တုံ့ပြန်သည့်အနေဖြင့် အစ္စရေးက ဝါရှင်တန်သို့ ကိုယ်စားလှယ်စေလွှတ်မည့်အစီအစဉ်ကို တနင်္လာနေ့က ဖျက်သိမ်းခဲ့သည်။

အစ္စရေးဝန်ကြီးချုပ်ရုံးက ဆွေးနွေးပွဲ ပြန်လည်စီစဉ်ရန် သဘောတူခဲ့သည်ဟု အိမ်ဖြူတော်သတင်းထုတ်ပြန်ရေးအကြီးအကဲ ကာရင်ဂျန်ပယ်ရီက သတင်းထောက်များကို မတ် ၂၇ ရက်က ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**




အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် အစ္စရေးဝန်ကြီးချုပ် ဘန်ဂျမင်နေတန်ယာဟု။



# လက်ဘနွန်နိုင်ငံတောင်ပိုင်း၌ အစ္စရေးတို့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ကိုးဦးသေဆုံးပြီး ခုနစ်ဦးဒဏ်ရာရ

**ဘေရွတ် မတ် ၂၈**

လက်ဘနွန်နိုင်ငံ တောင်ပိုင်းရှိ ကျေးရွာနှင့် မြို့နယ်အချို့ကို ပစ်မှတ်ထားကာ အစ္စရေးတို့က လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သည့်အတွက် ကိုးဦးသေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု မတ် ၂၇ ရက်တွင် လက်ဘနွန်တပ်ဖွဲ့ အရင်းအမြစ်များက ဆင်ဟွာသို့ ပြောသည်။

အဆိုပါ တိုက်ခိုက်မှုမှာ လက်ဘနွန်နိုင်ငံ အနောက်တောင်ပိုင်းရှိ တေဟာဖာကျေးရွာကို ပစ်မှတ်ထားကာ တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ဟစ်ဇ်ဘိုလာ တိုက်ခိုက်ရေးသမား နှစ်ဦးနှင့် အစ္စလာမ့်စ် ကျန်းမာရေး အာဏာပိုင်အဖွဲ့မှ အဖွဲ့ဝင်သုံးဦး သေဆုံးခဲ့ရသည်။ အရပ်သား သုံးဦးလည်း ဒဏ်ရာရရှိခဲ့သည်။

နောက်ထပ်စီးနင်း တိုက်ခိုက်မှုတစ်ခု လက်ဘနွန်နိုင်ငံအနောက်တောင်ပိုင်း နာကိုရာမြို့တွင် ဖြစ်ပွားခဲ့ပြီး လေးဦးသေဆုံးကာ အရပ်သားလေးဦး ဒဏ်ရာရရှိခဲ့သည်။ တစ်ချိန်တည်းတွင် ဟစ်ဇ်ဘိုလာအဖွဲ့ကလည်း ၎င်းတို့၏ တိုက်ခိုက်ရေးသမားများသည် အစ္စရေးတို့၏ တပ်မဟာ (၇၆၉)ကို ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး အစ္စရေးတပ်ဖွဲ့၏ အချို့သော နေရာများကိုလည်း ပစ်ခတ်တိုက်ခိုက်ခဲ့သည်ဟု ပြောသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၈ ရက်မှစတင်ကာ လက်ဘနွန်-အစ္စရေးနယ်စပ်တွင် တင်းမာမှုများမြင့်မားလာခဲ့ပြီး ဟစ်ဇ်ဘိုလာတို့သည် အစ္စရေးဘက်သို့ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကာ အစ္စရေးဘက်ကလည်း လက်ဘနွန်နိုင်ငံ တောင်ပိုင်းသို့ အမြောက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ဟစ်ဇ်ဘိုလာနှင့်အစ္စရေးတို့ ထိပ်တိုက်ရင်ဆိုင်တွေ့မှုကြောင့် လက်ဘနွန်ဘက်မှ ၃၈၈ ဦး သေဆုံးခဲ့ပြီး ထိုအထဲတွင် ဟစ်ဇ်ဘိုလာ တိုက်ခိုက်ရေးသမား ၂၄၇ ဦးနှင့် အရပ်သား ၇၃ ဦးတို့ ပါဝင်သည်ဟု လက်ဘနွန်လုံခြုံရေး သတင်းအရင်းအမြစ်က ပြောသည်။

**ဆင်ဟွာ**

# ကာကွယ်ဆေးပြတ်လပ်မှုကြောင့် ဆိုမာလီယာတွင် ကာလဝမ်းရောဂါဖြစ်ပွားမှုအတွက် စိုးရိမ်နေရ

**ဂျီနီဗာ မတ် ၂၈**

ဆိုမာလီယာနိုင်ငံရှိ ခရိုင် ၇၂ ခု အနက် ထက်ဝက်နီးပါးမှာ ကာလဝမ်းရောဂါ ကူးစက်ပျံ့နှံ့နေပြီး ကာကွယ်ဆေး ပြတ်လပ်မှုလည်း ဖြစ်ပေါ်နေသည့်အတွက် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းက စိုးရိမ်ကြောင်း မတ် ၂၇ ရက်တွင် ပြောသည်။

ယခုနှစ် အစောပိုင်းမှ စတင်ကာ ကာလဝမ်းရောဂါ ဖြစ်ပွားသူ ၄၄၀၀ ရှိပြီး သေဆုံးသူ ၅၄ ဦး ရှိသည်။ သေဆုံးသူများ၏ ၆၀ ရာခိုင်နှုန်းကျော်မှာ အသက်ငါးနှစ်အောက် ကလေးများဖြစ်ကြသည်ဟု ကုလသမဂ္ဂ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးက ပြောသည်။

ဆိုမာလီယာတွင် ဖြစ်ပွားသည့် ကာလဝမ်းရောဂါမှာ လွန်ခဲ့သည့် သုံးနှစ်နှင့်ယှဉ်လျှင် သုံးဆများလာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောသည်။

ဆိုမာလီယာ နိုင်ငံသည် ကာလဝမ်းရောဂါနှင့် ဝမ်းလျှောမှုတို့ကြောင့် ပြင်းပြင်းထန်ထန် ထိခိုက်ခံစားရသည့် နိုင်ငံလည်း ဖြစ်သည်။ ရောဂါကူးစက်မှုမှာ ဆက်လက်ပျံ့နှံ့သွားမည်ဟု ယူဆရပြီး လွန်ခဲ့သည့်နှစ်များက ရောဂါဖြစ်ပွားခြင်းမရှိသည့် နေရာများ၌ပါ မိုးရာသီအတွင်းရောဂါ ကူးစက်မည်ဟု ခန့်မှန်းထားကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောသည်။

ကုလသမဂ္ဂနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများသည် ဆိုမာလီယာ ကျန်းမာရေး အာဏာပိုင်များနှင့်အတူ လက်တွဲလုပ်ဆောင်လျက်ရှိပြီး ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ရေး အစီအစဉ်များအတွက် အမေရိကန်ဒေါ်လာ ခြောက်သန်းနီးပါး လိုအပ်မည်ဖြစ်သည်။

နောက်ထပ် ရန်ပုံငွေများ လိုအပ်ပြီး ယခုနှစ် ဆိုမာလီယာ၏ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အစီအစဉ်အတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံ လိုအပ်သော်လည်း သန်း ၁၅၀ သာ ရရှိသေးကြောင်း ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးက ပြောသည်။

**ဆင်ဟွာ**



# အဆင့်မြင့်အိုင်အက်စ်အကြီးတန်းအဖွဲ့ဝင်တစ်ဦးကို အီရတ်စစ်ဘက် သုတ်သင်

**ဘဂ္ဂဒက် မတ် ၂၈**

အီရတ်-ဆီးရီးယားနယ်စပ်အနီး စစ်ဆင်ရေးတစ်ခုတွင် အဆင့်မြင့် အစွန်းရောက်အိုင်အက်စ် အကြမ်းဖက်အဖွဲ့ဝင်တစ်ဦးကို သုတ်သင်နိုင်ခဲ့သည်ဟု အီရတ်စစ်ဘက်က မတ် ၂၈ ရက်က ပြောကြားလိုက်သည်။

ထောက်လှမ်းရေး သတင်းပေးချက်အရ အီရတ် လုံခြုံရေးတပ်ဖွဲ့သည် အီရတ်နိုင်ငံ အနောက်ဘက် သဲကန္တာရဒေသတွင် စစ်ဆင်ရေးတစ်ခု ဆောင်ရွက်ခဲ့သည်။ အဆိုပါစစ်ဆင်ရေးတွင် အိုင်အက်စ်အကြီးတန်းအဖွဲ့ဝင် ဆာမာခီဒါရ်ရှီဟန်အယ်လ်နမ်ရာဝီကို သုတ်သင်နိုင်ခဲ့ခြင်းဖြစ်သည်။ ဆာမာသည် တိုက်ခိုက်ရေးသမားများ ပို့ဆောင်ခြင်း၊ လက်နက်နှင့် တခြားအသုံးအဆောင်ပစ္စည်းများ ပေးပို့ခြင်း၊ အီရတ်နှင့် ဆီးရီးယားကြား ပေါက်ကွဲမှုများ ပြုလုပ်ခြင်းတို့ကို တာဝန်ယူ လုပ်ဆောင်လျက်ရှိသည်ဟု လုံခြုံရေးသတင်းရင်းမြစ်များတွင် ဖော်ပြခဲ့သည်။

ဆာမာသည် အိုင်အက်စ်အဖွဲ့တွင် အန္တရာယ်အရှိဆုံး အဖွဲ့ဝင်တစ်ဦး ဖြစ်ကြောင်းနှင့် အကြမ်းဖက် ပြစ်မှုအများအပြားကို ကျူးလွန်ခဲ့သူဖြစ်ကြောင်း လုံခြုံရေး သတင်းရင်းမြစ်တွင် ဆက်လက်ဖော်ပြထားသည်။

၂၀၁၇ ခုနှစ်တွင် အိုင်အက်စ်အဖွဲ့ကို အနိုင်ရရှိခဲ့သည့်အချိန်ကတည်းက အီရတ်တွင် လုံခြုံရေး အခြေအနေများ တိုးတက်ကောင်းမွန်လာခဲ့သည်။ **ဆင်ဟွာ**

# ဂါဇာ၌ ပါလက်စတိုင်းသေဆုံးသူပေါင်း ၃၂၅၅၂ ဦးအထိ ရှိလာ

**ဂါဇာ မတ် ၂၈**

ဂါဇာ၌ ပါလက်စတိုင်းသေဆုံးသူပေါင်းမှာ ၃၂၅၅၂ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ဟားမားစ်ကျန်းမာရေးဌာနက မတ် ၂၈ ရက်တွင် ထုတ်ပြန်သော ကြေညာချက်၌ ဖော်ပြခဲ့သည်။

အစ္စရေးစစ်ဘက်က လွန်ခဲ့သော ၂၄ နာရီအတွင်း ပါလက်စတိုင်း ၆၂ ဦးကို သတ်ခဲ့ပြီး ၉၁ ဦးကို ဒဏ်ရာရရှိစေခဲ့ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။ အစ္စရေး - ဟားမားစ်ပဋိပက္ခ စတင်ဖြစ်ပွားချိန်မှ ယခုအချိန်အထိ ဂါဇာတွင် ပါလက်စတိုင်း သေဆုံးသူပေါင်းမှာ ၃၂၅၅၂ ဦးရှိပြီး ၇၄၉၈၀ ဒဏ်ရာရရှိခဲ့သည်။

**ဆင်ဟွာ**

# မကွေးတိုင်းဒေသကြီး၏ ဆီထွက်သီးနှံ (မြေပဲ၊ နှမ်း၊ နေကြာ) စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးအတွက် ဌာန၊ ပုဂ္ဂလိက၊ တောင်သူများ ပူးပေါင်းပါဝင်သော နည်းပညာဆွေးနွေးပွဲကျင်းပ



**နေပြည်တော် မတ် ၂၈** မကွေးတိုင်းဒေသကြီး၏ ဆီထွက်သီးနှံ(မြေပဲ၊ နှမ်း၊ နေကြာ) စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး နည်းပညာဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက မကွေးမြို့တော် ခန်းမ၌ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ သုတေသီပညာရှင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများ၊ ဆီစက်လုပ်ငန်းရှင်များနှင့် နှမ်းကုန်သည်များအသင်း တာဝန်ရှိသူများ၊ တိုင်းဒေသကြီး တောင်သူဖွံ့ဖြိုးရေးအဖွဲ့ ကိုယ်စားလှယ်များနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

**ဈေးကွက်ရရှိနိုင်ရေး**

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်က ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်မှုမှသည် ပြည်ပသို့ စားသုံးဆီတင်ပို့နိုင်သည်အထိ မျှော်မှန်းပြီး မျိုး၊ မြေ၊ ရေ၊ နည်းပညာ စသည့်လိုအပ်ချက်များ စနစ်တကျစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တစ်ချိန်တည်းတွင် လယ်ယာကဏ္ဍ၏ သီးနှံထုတ်လုပ်မှု မြင့်မားရေး၊ အရည်အသွေး ကောင်းမွန်ရေး လုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် ဈေးနှုန်း သေချာသည့် ခိုင်မာသော ဈေးကွက်များ ရရှိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

**လိုအပ်ချက်ပြည့်မီစေရန်**

၂၀၂၅-၂၀၂၆ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ပြည်တွင်းစားသုံးဆီ လိုအပ်ချက်ပြည့်မီစေရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာသီးနှံများကို ဇုန်အလိုက်စိုက်ပျိုးမည့် စီမံချက်အား ၂၀၂၄ - ၂၀၂၅ ခုနှစ်မှစတင်ပြီး ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊မကွေးတိုင်းဒေသကြီး၌ ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန် ရေမြေသဘာဝအခြေခံနှင့် အခွင့်အလမ်းများ၊ အခြေအနေကောင်းများ ရှိနေသည့်အတွက် ယနေ့ ဆွေးနွေးပွဲတွင် ဌာနဆိုင်ရာများ၊ ဒေသခံလုပ်ငန်းရှင်များ အနေဖြင့် တောင်သူများအကျိုး၊ ဒေသအကျိုး၊ နိုင်ငံ့အကျိုးကို ရှေးရှုပြီး အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က မကွေးတိုင်းဒေသကြီး၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၊ ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဆောင်ရွက်နေမှုများ၊ သက်ဆိုင်ရာဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တောင်သူများ ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဒေသ၏ လယ်ယာစီးပွားရေး ဖွံ့ဖြိုးမှု အခွင့်အလမ်းများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် မြေပဲ၊ နှမ်း၊ နေကြာစိုက်တောင်သူများက ဆီထွက်သီးနှံများ တိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရာတွင် ကြုံတွေ့နိုင်သည့်စိန်ခေါ်မှုများ၊ လိုအပ်ချက်များကို တင်ပြကြရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်များက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဖြေကြားကြပြီး ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေး သုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ သုတေသီများ၊ ပညာရှင်များက ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး နည်းပညာရပ်ဆိုင်ရာများကို ဆွေးနွေးခဲ့ကြပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တောင်သူများက သိရှိလိုသည်များကို မေးမြန်းခြင်း၊ သုံးသပ်ဆွေးနွေး အကြံပြုခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

**တိုးတက်ထုတ်လုပ်နိုင်ရေး**

၂၀၂၄-၂၀၂၅ ခုနှစ် ဆီထွက်သီးနှံများ တိုးတက်ထုတ်လုပ်နိုင်ရေးလျာထားရာ၌ တစ်နိုင်ငံလုံးရှိ မြေပဲ၊ နှမ်း၊ နေကြာ စိုက်ဧရိယာ၏ ၃၈ ရာခိုင်နှုန်းဖြစ်သော ဧက ၃သန်းတွင်မြေပဲတစ်ဧက ၅၆ တင်းနှုန်း၊ နှမ်း တစ်ဧက ၁၂ တင်းနှုန်း၊ နေကြာ တစ်ဧက ၂၅ တင်းနှုန်း အထွက်ရရှိအောင် စိုက်ပျိုးထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိရာ အထူးဇုန်များအဖြစ် တိုင်းဒေသကြီး၊ ပြည်နယ် ခုနစ်ခုတွင် ဇုန်၁၂ခုသတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံစိုက်ဧက စုစုပေါင်းဧက ၂၃ သိန်းကျော်စိုက်ပျိုးလျက်ရှိသည့် မကွေးတိုင်းဒေသကြီး၌ စိုက်ပျိုးရေသေချာပြီး ဆီထွက်သီးနှံဖြစ်ထွန်းမှု အလားအလာကောင်းသည့် ဧက ၁၃ သိန်း ၄ သောင်းကျော်တွင် အထူးဇုန်နှစ်ခု သတ်မှတ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ပျော်ဘွယ်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများနှင့် ယာယီရွှေ့ပြောင်းနေထိုင်သူများအား ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ထုတ်ပေးမှု လှည့်လည်ကြည့်ရှုအားပေး



**နေပြည်တော် မတ် ၂၈** လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့သို့ သွားရောက်၍ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ပျော်ဘွယ်မြို့နယ်အတွင်းရှိယာယီရွှေ့ပြောင်း နေထိုင်သူများကို သက်ဆိုင်ရာမြို့နယ် (၅) ဦးကော်မတီအဖွဲ့ဝင်များက လိုအပ်သည့် အချက်အလက်များ စိစစ်မေးမြန်းအတည်ပြု ဆောင်ရွက်နေမှု၊ (၅) ဦးကော်မတီ၏ ထောက်ခံချက်အရ မြို့နယ်ရုံးဝန်ထမ်းများက လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်များ သတ်မှတ်ပုံစံများတွင် ဖြည့်သွင်းဆောင်ရွက်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနေမှုနှင့် ဒေသခံပြည်သူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေး လုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးပြီး ပြည်ထောင်စုဝန်ကြီးက အချက်အလက်များ မှန်ကန်စေရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဖြည့်သွင်းဆောင်ရွက်ရေး၊ ၎င်းတို့၏အချက်အလက်များအား e-ID Server ရှိ အချက်အလက်များနှင့် စနစ်တကျ တိုက်ဆိုင်စိစစ်ဆောင်ရွက်ရေး မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နိုင်ငံသားကတ်ပြားထုတ်ပေးပြီးသူများအား e-ID စနစ်ဖြင့် ကိုယ်ရေးအချက်အလက်(Biographic)နှင့် ဇီဝဆိုင်ရာအချက်အလက် (Biometric) တစ်ပါတည်းကောက်ယူ၍ ဂဏန်း ၁၀ လုံးပါ Unique ID နံပါတ်ထုတ်ပေးနေမှုအခြေအနေများကို ကြည့်ရှုအားပေးပြီး လာရောက်ဆောင်ရွက်ကြသည့် ပြည်သူများကို လုပ်ငန်းဆောင်ရွက်ပေးမှုအပေါ် တွေ့ကြုံရသည့် အခက်အခဲများကို မေးမြန်းဆွေးနွေး၍ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးရာတွင် ပျော်ဘွယ်မြို့နယ်အတွင်း၌ ပန်းခင်းစီမံချက်အဆင့် (၃) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း ၂၅ စောင်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၈၇ ကတ် ထုတ်ပေးနိုင်ခဲ့ပြီး နိုင်ငံသားကတ်ပြားရရှိပြီးသူများကို တစ်ပါတည်း တစ်နေရာတည်းတွင် e-ID စနစ်အတွက် Biometric ကောက်ယူခဲ့သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရမည်းသင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမသို့ ရောက်ရှိရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်ထွန်းက ခရိုင်၏ နယ်မြေဒေသအခြေအနေနှင့် ခရိုင်အတွင်း မြေပြင်ကွင်းဆင်း စာရင်းကောက်ယူမှု၊ ပန်းခင်းစီမံချက်နှင့် Biometricကောက်ယူရေးလုပ်ငန်း ဆောင်ရွက်မှုနှင့် သန်းခေါင်စာရင်း ကောက်ယူရေးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ယခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်မည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေးအတွက် ကြိုးပမ်း ဆောင်ရွက်နေမှုနှင့် လုပ်ငန်းများ အောင်မြင်ရေးအတွက် ဌာနဆိုင်ရာအားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးနိုင်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ရမည်းသင်းခရိုင် ဦးစီးမှူးရုံးသို့ သွားရောက်၍ ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရမည်းသင်းမြို့နယ် ဦးစီးမှူးရုံး၌ နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသေးသူ၊ လဲလှယ်လျှောက်ထားသူ ဒေသခံပြည်သူများကို ဝန်ထမ်းများက ပန်းခင်းစီမံချက်ဖြင့် စိစစ်ဆောင်ရွက်ပေးနေမှု၊ ယင်းသို့ ဆောင်ရွက်ပြီးပါက e-ID စနစ်အတွက် Biographic/ Biometric ကောက်ယူခြင်းလုပ်ငန်းကို တစ်ပါတည်း ဆောင်ရွက်ပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုကာ လာရောက်ဆောင်ရွက်ကြသည့် ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြို့နယ်ဦးစီးမှူးရုံး မှတ်တမ်းခန်းအတွင်း ကိုယ်ရေးဖိုင်များ စနစ်တကျသိမ်းဆည်းထားရှိမှု၊ ရုံးချုပ်ရှိ e-ID Server မှ အချက်အလက်များနှင့် တိုက်ဆိုင်စိစစ်ဖြည့်သွင်းနေမှုနှင့် ရုံးအဆောက်အဦ အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ခရိုင်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ဝန်ထမ်းများကို တွေ့ဆုံကာ လုပ်ငန်းလိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းမှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရမည်းသင်းခရိုင် ညော့ရိပ်သာ၌ ဝန်ထမ်းများနှင့်အတူ နေ့လယ်စာကို လက်ရည်တစ်ပြင်တည်း အတူတကွ သုံးဆောင်ခဲ့ပြီး ဝန်ထမ်းစားရိပ်သာအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လုံခြုံရေးအခြေအနေအရ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်မရခဲ့သည့် ကျောင်းသား ကျောင်းသူများ ပြန်လည်ဖြေဆိုနိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ သတ်မှတ်ထားသည့်စာဖြေဌာနများတွင် ကျင်းပဆောင်ရွက်သွားမည်



**နေပြည်တော် မတ် ၂၈**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃) ရှိ အစည်းအဝေးခန်းမ၌ တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး တက္ကသိုလ် ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများနှင့် တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ၂၀၂၃-၂၀၂၄ ပညာသင်နှစ်ပြီးမြောက်ခဲ့ပြီဖြစ်၍ လာမည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ဇွန်လဆန်းတွင် ကျောင်းများ ပြန်လည်ဖွင့်လှစ်မည်ဖြစ်ရာ အဆင်သင့်ဖြစ်စေရေးအတွက် ယခုကတည်းက တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများ၏ ဥပမိရုပ် ကောင်းမွန်ရေး၊ သန့်ရှင်းသပ်ရပ်သာယာမှုရှိရေးတို့အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့ တာဝန်ယူစီမံခန့်ခွဲဆောင်ရွက်နေရသည့်ပညာရေးကဏ္ဍများအလိုက် ကြိုးစားဆောင်ရွက်ကြစေလိုပါကြောင်း။

ရုံးလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များ၊ အမိန့်အော်ဒါများကို လူမှုကွန်ရက်များတွင် ဖော်ပြခြင်း မပြုရန်နှင့် သတင်းအချက်အလက်လုံခြုံရေး ဂရုစိုက်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ လုံခြုံရေးအခြေအနေအရ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်မရခဲ့သည့် ကျောင်းသား ကျောင်းသူများ ပြန်လည်ဖြေဆိုနိုင်ရန် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ သတ်မှတ်ထားသည့် စာဖြေဌာနများတွင် ကျင်းပဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါ ကျောင်းသား ကျောင်းသူများ အနေဖြင့် မိမိတို့ နှစ်သက်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရှိစာဖြေဌာနများတွင် ဝင်ရောက်ဖြေဆိုနိုင်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများ ပညာသင်ယူမှု အခွင့်အလမ်းရရှိအောင် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် အားလုံးက ညီညွတ်စွာဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက စာမေးပွဲနှင့်ပတ်သက်သည့် လုပ်ငန်းများ၊ အခြေခံပညာကဏ္ဍရှိ တည်ဆောက်ရေးလုပ်ငန်းများ၊ ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရေး အသေးစိတ် ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်၊ ဆရာအတတ်ပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်တို့က တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများနှင့် ပညာရေးဒီဂရီကောလိပ်ကျောင်းများတွင် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# KG+12 ပညာရေးစနစ်သစ်ဖြင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ဆေးတက္ကသိုလ်များနှင့်ဆေးပညာနှီးနွှယ် တက္ကသိုလ်များတွင် သင်ကြားမည့် သင်တန်းကာလနှင့် သင်ရိုးညွှန်းတမ်းများ ညှိနှိုင်းဆောင်ရွက်နိုင်ရေး အစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၂၈**

KG+12 ပညာရေးစနစ်သစ်ဖြင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ် တက္ကသိုလ်သင်တန်း အသီးသီးတွင် သင်ကြားမည့် သင်တန်းကာလနှင့် သင်ရိုးညွှန်းတမ်းများ ညှိနှိုင်းဆောင်ရွက်နိုင်ရေး အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်း၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်ချုပ် ကိုကိုလွင်၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ အဆင့်မြင့် အရာရှိကြီးများ၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ပါမောက္ခဒေါက်တာဖေသက်ခင်၊ မြန်မာနိုင်ငံ ဆေးကောင်စီ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီနှင့် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီတို့မှ ဥက္ကဋ္ဌများ၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ဒုတိယပါမောက္ခချုပ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက KG+12 ပညာရေးစနစ်သစ်ဖြင့် တက္ကသိုလ်ဝင်စာမေးပွဲများ စစ်ဆေးပြီးဖြစ်ပါသဖြင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်မည့်သူများကို ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ် တက္ကသိုလ်များတွင် လက်ခံသင်ကြားရတော့မည်ဖြစ်ပါကြောင်း၊ KG+12 ပညာရေးစနစ်သစ်သည် နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသော IGCSE “A” Level နှင့် ကိုက်ညီမှုရှိပါကြောင်း၊ သင်ကြားမည့် သင်တန်းကာလနှင့် သင်ရိုးညွှန်းတမ်းများသည် အာဆီယံဒေသတွင်း နိုင်ငံများနှင့် နိုင်ငံတကာရှိ တက္ကသိုလ်များတွင် သင်ကြားနေမှုနှင့် ကိုက်ညီရန်လိုအပ်သည့်အပြင် သက်ဆိုင်ရာ နိုင်ငံတကာ “စံ” သတ်မှတ်ချက်များနှင့်လည်း ကိုက်ညီရန် လိုအပ်ပါကြောင်း၊ သတ်မှတ်မည့် သင်တန်းကာလသည် နိုင်ငံတော်၏ လိုအပ်ချက်၊ ကျန်းမာရေးဝန်ကြီးဌာန၏ လိုအပ်ချက်ကို အခြေခံပြီး မွေးထုတ်မည့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ၏ အရည်အသွေးပြည့်မီစေရေးကို အဓိကထား၍ ကျောင်းသား ကျောင်းသူများနှင့် မိဘများအတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်စေရေးကိုပါ ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါကြောင်း၊ အထွေထွေ ဆေးကုသခွင့်လိုင်စင်၊ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကုသခွင့်လိုင်စင်၊ သူနာပြု သားဖွားလိုင်စင်များကို ထုတ်ပေးလျက်ရှိသည့် သက်ဆိုင်ရာ ကောင်စီများမှ သတ်မှတ်မည့် သင်တန်းကာလနှင့်သင်ရိုးညွှန်းတမ်းအရည်အသွေး ပြည့်မီစေရေးအတွက် ဝိုင်းဝန်းဆွေးနွေးပေးစေလိုပါကြောင်းနှင့် တက်ရောက် လာကြသူများကလည်း ဘက်ပေါင်းစုံစဉ်းစားပြီး ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားသည်။

**တင်ပြဆွေးနွေး**

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက မြန်မာနိုင်ငံရှိဆေးတက္ကသိုလ်များတွင် သင်ကြားခဲ့သည့် သင်တန်းကာလများနှင့်စပ်လျဉ်း၍ဆွေးနွေး ပြောကြားပြီး ဆေးဝန်ထမ်းညွှန်ကြားရေးမှူးက သင်တန်းကာလနှင့်ပတ်သက်ပြီး အစည်းအဝေးမှ သဘောတူညီသည့်အတိုင်း သင်ရိုးညွှန်းတမ်းများကို အချိန်မီ ကြိုတင်ရေးဆွဲနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားကာ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အစည်းအဝေးပြုလုပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး Integrated Curriculum ရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီ၊ တွဲဖက်အတွင်းရေးမှူးက ဆေးတက္ကသိုလ်များတွင် လက်ရှိသင်ကြားလျက်ရှိသော Outcome Based Integrated Curriculum နှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေးသည်။

ယင်းနောက် တက္ကသိုလ်ပါမောက္ခချုပ်များက သက်ဆိုင်ရာ တက္ကသိုလ်အချင်းချင်း ညှိနှိုင်းဆွေးနွေးထားသည့် သင်ကြားမည့် သင်တန်းကာလနှင့် သင်ရိုးညွှန်းတမ်းဆိုင်ရာကိစ္စရပ်များကို တင်ပြဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပြန်လည်မှာကြားသည်။

**သတင်းစဉ်**

# အိမ်မဲမြို့နယ်တွင် အပန်းဖြေလမ်းလျှောက်နိုင်မည့် ကွန်ကရစ်လမ်းနှင့် လျှပ်စစ်မီးသွယ်တန်းခြင်းဖွင့်ပွဲ ကျင်းပ

**အိမ်မဲ မတ် ၂၈**


ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ချောင်းဝရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းကမ်းနားဘက်ခြမ်း၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်သော မြို့နယ်အတွင်းရှိပြည်သူများ အပန်းဖြေလမ်းလျှောက်နိုင်မည့် အရှည်ပေ ၈၀၀၊ အကျယ် ၅ ပေ၊ ထု ၄ လက်မရှိသော ကွန်ကရစ်လမ်းနှင့် အဆိုပါလမ်းပေါ်၌ လျှပ်စစ်မီးသွယ်တန်းခြင်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ ညနေပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မြောင်းမြခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစန်းဌေး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်ကိုကိုဦးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁) ဗိုလ်မှူးအောင်သွင်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အဆိုပါလမ်းအား လှည့်လည်ကြည့်ရှုကြသည်။

**ချစ်သက်လယ်(ပြန်/ဆက်)**



# မြန်မာနိုင်ငံ၏ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍတွင် ထိုင်းနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများဖိတ်ခေါ်ရေး၊ နှစ်နိုင်ငံအကြား စီးပွားရေးကဏ္ဍများတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ အပြန်အလှန်ဆွေးနွေးညှိနှိုင်းရေး ဆွေးနွေး



နေပြည်တော် မတ် ၂၈

**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Mongkol Visitstump ကို ယနေ့ မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)**

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် အဆင့်မြင့် အရာရှိကြီးများ၊ ဘာသာရပ် တာဝန်ခံများ ပါဝင်တက်ရောက်ကြသည်။

**ခရီးသွားလုပ်ငန်းများဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ - ထိုင်း နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာများနှင့် ခရီးသွားမြှင့်တင် ကြော်ငြာရေးဆိုင်ရာ ကိစ္စရပ်များ၊ အဏ္ဏဝါခရီးသွားလုပ်ငန်းအပါအဝင် ခရီးသွားလုပ်ငန်း အမျိုးအစားများ အတူတကွ ဖော်ထုတ်မြှင့်တင်၍ နယ်စပ်ဖြတ်ကျော် ခရီးသွားလုပ်ငန်းနှင့် နှစ်နိုင်ငံ ခရီးသွားဧည့်သည်များ လွယ်ကူချောမွေ့စွာ ဝင်ရောက်လည်ပတ်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံ ခရီးသွားဝန်ကြီးဌာနတို့အကြား ခရီးသွားလုပ်ငန်း ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာများ ရေးထိုးခဲ့ခြင်းအပေါ် ဆက်လက်အကောင်အထည်ဖော်ရေး ကိစ္စရပ်များ၊ မြန်မာ - ထိုင်းနှစ်နိုင်ငံ အစိုးရ-ပုဂ္ဂလိကကိုယ်စားလှယ်များ ပါဝင်သော ခရီးသွားလုပ်ငန်း ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ ဖွဲ့စည်း၍ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရေး၊ ရင်းနှီးကျွမ်းဝင်မှု ခရီးစဉ်များ စီစဉ်နိုင်ရေး၊ မြန်မာနိုင်ငံ၏ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ကဏ္ဍတွင် ထိုင်းနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများ ဖိတ်ခေါ်ရေး၊ နှစ်နိုင်ငံအကြား စီးပွားရေးကဏ္ဍများတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ အပြန်အလှန်ဆွေးနွေးညှိနှိုင်းရေး၊ ထိုင်းနိုင်ငံသို့ လာရောက်သည့် ပြည်ပ ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ ပိုမိုလာရောက်လည်ပတ်ကြရေးအတွက် ခရီးစဉ်များ တိုးချဲ့ရေးဆွဲနိုင်ရေး၊ မြန်မာနိုင်ငံသို့လာရောက်လည်ပတ်သော ထိုင်းခရီးသွား ဧည့်သည်များ ငွေကြေးသုံးစွဲမှု အဆင်ပြေစေရေးနှင့် နှစ်နိုင်ငံ အစိုးရ - ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါ်နုမြဇံ (၃၁) ကြိမ်မြောက် အာဆီယံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီဝန်ကြီးများအဆင့် အစည်းအဝေးတက်ရောက်ပြီး ပြန်လည်ရောက်ရှိ

**ရန်ကုန် မတ် ၂၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၄ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူထားသည့် လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံမှ ကြီးမှူး၍ မတ် ၂၃ ရက်မှ ၂၆ ရက်အထိ လာအိုနိုင်ငံ လွမ်ပရာဘန်မြို့၌ ကျင်းပခဲ့သည့် (၃၁) ကြိမ်မြောက် အာဆီယံလူမှု-ယဉ်ကျေးမှု အသိုက်အဝန်း ကောင်စီ ဝန်ကြီးများအဆင့် အစည်းအဝေး (The 31st Meeting of the ASEAN Socio-Cultural Community (ASCC) Council) သို့ တက်ရောက်ပြီး မတ် ၂၆ ရက် ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။



အစည်းအဝေး၌ လာအိုနိုင်ငံ၊ အာဆီယံ လူမှု-ယဉ်ကျေးမှု ဝန်ကြီး၊ ယဉ်ကျေးမှု၊ ခရီးသွားနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး Mrs. Sunanesavanh VIGNAKET က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တီမောလက်စ်တေနိုင်ငံ တို့မှ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်း ကောင်စီဝန်ကြီးများ၊ အာဆီယံ အဆင့်မြင့်အရာရှိကြီးများ၊ လာအိုနိုင်ငံ၊ အာဆီယံ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်းမဏ္ဍိုင်၏ ဆက်စပ်ဝန်ကြီးဌာနများမှ ဝန်ကြီးများ၊ အာဆီယံ အတွင်းရေးမှူးချုပ်၊ ဒုတိယ အတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အတည်ပြုနိုင်ရေး ဆွေးနွေး**

အစည်းအဝေး ပထမပိုင်းတွင် အိမ်ရှင်လာအိုနိုင်ငံက ၂၀၂၄ ခုနှစ်အတွင်း ဦးစားပေး ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ ၂၀၂၅ အလွန် အာဆီယံ-လူမှုယဉ်ကျေးမှု အသိုက်အဝန်း မဏ္ဍိုင်၏ မဟာဗျူဟာအစီအစဉ် ရေးဆွဲရေး လုပ်ငန်းစဉ်များ၏ ဖြစ်ပေါ်တိုးတက်မှုများ၊ (၄၄) ကြိမ်နှင့် (၄၅)ကြိမ်မြောက်အာဆီယံထိပ်သီး အစည်းအဝေးသို့ တင်ပြမည့် မှတ်တမ်းမှတ်ရာများ၊ အစည်းအဝေးအစီရင်ခံစာများ၊ ကြေညာချက်များနှင့် (၃၁) ကြိမ်မြောက် အာဆီယံ လူမှု - ယဉ်ကျေးမှု အသိုက်အဝန်း ကောင်စီ၏ မှတ်တမ်း အကျဉ်းချုပ်တို့ကို အတည်ပြုနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အစည်းအဝေး ဒုတိယပိုင်းတွင် လာအိုနိုင်ငံ၊ အာဆီယံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်း မဏ္ဍိုင်၏ ဆက်စပ်ဝန်ကြီးဌာနများမှ ဝန်ကြီးများနှင့် မျက်နှာစုံညီ အစည်းအဝေး ပြုလုပ်ကြပြီး ၂၀၂၅ အလွန် အာဆီယံ-လူမှု ယဉ်ကျေးမှု အသိုက်အဝန်းမဏ္ဍိုင်၏ မဟာဗျူဟာ အစီအစဉ်ရေးဆွဲရေးလုပ်ငန်းစဉ်များ၏ ဖြစ်ပေါ်တိုးတက်မှုတို့နှင့် စပ်လျဉ်း၍ အာဆီယံ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်းမဏ္ဍိုင် ဆက်စပ်လုပ်ငန်းအစုအဖွဲ့များ၏ ကြုံတွေ့နေရသည့် အခက်အခဲဦးတည်ရာများ၊ ၂၀၂၅ အလွန် အာဆီယံပြည်သူများ၏ ဘဝကောင်းကျိုးချမ်းသာ တိုးတက်စေရေးအတွက် အာဆီယံ၏ လုပ်ငန်းစဉ်များကို ပိုမိုခိုင်မာအောင် မြှင့်တင်ဆောင်ရွက်နိုင်ရေး၊ အာဆီယံ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်း မဏ္ဍိုင်အနေဖြင့် နောင်လာမည့် နှစ် ၂၀ အတွင်း မဏ္ဍိုင်၏ အဓိကနယ်ပယ်များ ဖြစ်သည့် အားလုံးပါဝင်သည့် တက်ကြွကြံ့ခိုင်၍ ရေရှည်တည်တံ့ခိုင်မြဲမည့် အသိုက်အဝန်းနှင့် အာဆီယံ၏ စရိုက်လက္ခဏာများကို မြှင့်တင်ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**ကြိုဆိုထောက်ခံ**

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက ၂၀၂၄ ခုနှစ် လာအိုနိုင်ငံ အာဆီယံအလှည့်ကျ တာဝန်ယူစဉ် အကောင်အထည်ဖော် ဆောင်ရွက်မည့် လူမှုယဉ်ကျေးမှုဆိုင်ရာ ဦးစားပေးလုပ်ငန်းများကို တက်ရောက်လာကြသည့် အာဆီယံ အသိုက်အဝန်းကောင်စီ ဝန်ကြီးများနှင့်အတူ ကြိုဆိုထောက်ခံပါကြောင်း ဆွေးနွေးပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီးနှင့်အတူ အာဆီယံ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်း ကောင်စီ အဆင့်မြင့်အရာရှိကြီး သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဂုဏ်ပြုညစာစားပွဲတက်ရောက်**

ဒုတိယဝန်ကြီးနှင့် မြန်မာကိုယ်စားလှယ် အဖွဲ့သည် (၃၁) ကြိမ်မြောက် အာဆီယံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ အစည်းအဝေးနှင့်အတူ အာဆီယံ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်း မဏ္ဍိုင်၏ ADME (ASEAN Database for Monitoring and Evaluation System) စတင်ဖွင့်လှစ်သည့် အခမ်းအနားနှင့် (၃၁) ကြိမ်မြောက် အာဆီယံလူမှု-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီဝန်ကြီးများအဆင့် အစည်းအဝေးအထိမ်းအမှတ်အဖြစ် လာအိုနိုင်ငံ၊ ပြန်ကြားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

လွမ်ပရာဘန်မြို့သို့ ရောက်ရှိနေစဉ် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အခြားသော အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ ဆွမ်းလောင်းလှူပွဲ၊ Xieng Thong Temple လွမ်ပရာဘန်မြို့ အမျိုးသားပြတိုက်နှင့် Tat Kuang Si ရေတံခွန်များသို့ သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မျိုးဆက်သစ်အားကစားသမားများ ဖိတ်ခေါ်ကြက်တောင်ပြိုင်ပွဲကျင်းပ

**ရန်ကုန် မတ် ၂၈**

မျိုးဆက်သစ်အားကစားသမားများ ထွက်ပေါ်ရေးအတွက် ရည်ရွယ်၍ ACE Badminton Tournament 2024 ဖိတ်ခေါ်ကြက်တောင် အားကစားပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် မေတ္တာညွန့်စက်မှု (၄) လမ်းရှိ ACE Badminton Club ၌ ကျင်းပသည်။

"မျိုးဆက်သစ် အားကစားသမားတွေပေါ်ထွက်ဖို့ ကျွန်တော်တို့နိုင်ငံမှာ ပြိုင်ပွဲကနည်းတယ်။ ပြိုင်ပွဲပုံစံရိုက်မှ သူ့ရဲ့လက်ရည်ကတက်လာမှာ။ အဲ့ဒီအတွက် ကျွန်တော်တို့ရဲ့ အေစီအီးကနေ ပြိုင်ပွဲကို ကျင်းပပေးတဲ့ ရည်ရွယ်ချက်ဖြစ်ပြီး ပထမဆုံးအကြိမ် ကျင်းပတာဖြစ်ပါတယ်'' ဟု Ace Badminton Club မှ အထွေထွေ မန်နေဂျာ ဦးအောင်ကျော်ဇော်က ပြောသည်။

အဆိုပါပြိုင်ပွဲတွင် အသက် ၁၇ နှစ်၊ အသက် ၁၉ နှစ် အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်း၊ အမျိုးသား+ အမျိုးသမီးနှစ်ယောက်တွဲ၊ ဝါသနာရှင်တန်း၊ သာမန်တန်းအမျိုးသား၊ အမျိုးသမီးနှစ်ယောက်တွဲ၊ သက်လတ်တန်း နှစ်ယောက်ပေါင်း (၇၀ နှစ်) နှင့်အထက် နှစ်ယောက်တွဲပြိုင်ပွဲများ ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်က အသိအမှတ်ပြုသည့်ပြိုင်ပွဲတွင် ဝါသနာရှင်တန်း ဆုရရှိပြီးသူနှင့်တွဲပြီး ယှဉ်ပြိုင်၍မရကြောင်း၊ လူသစ်တန်းပြိုင်ပွဲတွင် ဆုရရှိသည့်သူများ ဝင်ပြိုင်၍ရကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးမှ လက်ရွေးစင်ကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခွင့်မပြုထားကြောင်း သိရသည်။

ယင်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ အသင်းများ၊ တက္ကသိုလ်ကျောင်းသားများ၊ ကလပ်များ၊ နယ်အသင်းမှ ကစားသမားများ စုစုပေါင်း ၁၅၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို မတ် ၂၈ ရက်မှ ၃၁ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

# အကြမ်းဖက်သမားများ မီးရှို့ဖျက်ဆီးခဲ့သည့် ဟိုပုံးမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများအား တွေ့ဆုံအားပေး၊ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်

**နေပြည်တော် မတ် ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် မဲနယ်တောင်ဒေသရှိ ပအိုဝ်းတိုင်းရင်းသားများ နေထိုင်သော ကျေးရွာများဖြစ်သည့် နမ့်ဟူးကျေးရွာ၊ ပန်လျန်းကျေးရွာ၊ ကျောက်ကချား ကျေးရွာများရှိ ယာယီနေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသား ပြည်သူများ ပြန်လည်အခြေချနေထိုင်လုပ်ကိုင်စားသောက်နိုင်ရေး၊ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့ အတွက် ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ဟိုပုံးမြို့နယ် နမ့်ဟူးကျေးရွာရှိ ဒေသခံတိုင်းရင်းသားပြည်သူများအား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်မင်းလတ်နှင့် အဖွဲ့ဝင်များ၊ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်တွေ့ဆုံသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အားပေးစကား ပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ထောက်ပံ့ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ရာ ဒေသခံ တိုင်းရင်းသားပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ပန်လျန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ဒေသခံ တိုင်းရင်းသားပြည်သူများအတွက် ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ပြီး ကျောင်းဆောက်လုပ်ရန်အတွက် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျောက်ကချားကျေးရွာသို့ သွားရောက်၍ ဒေသခံတိုင်းရင်းသားပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားပြီး ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## မြန်မာနိုင်ငံ အိမ်ခြံမြေဈေးကွက် အရောင်းအဝယ် အနည်းငယ်ပါးပြီး အငှားဈေးကွက်ဖြစ်ထွန်းနေ

**ရန်ကုန် မတ် ၂၈**

လက်ရှိမြန်မာနိုင်ငံ အိမ်ခြံမြေဈေးကွက်တွင် အရောင်းအဝယ် အနည်းငယ်ပါးပြီး အငှားဈေးကွက်ဖြစ်ထွန်းနေကြောင်း ဖိုးလမင်း အိမ်ခြံမြေနှင့် ဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေးဂျင်းဒါရိုက်တာ ဦးဝဏ္ဏစိုးက ပြောသည်။

ဖိုးလမင်း အိမ်ခြံမြေနှင့် ဆောက်လုပ်ရေးကုမ္ပဏီသည် အမေရိကန်ပြည်ထောင်စုရှိ United Accreditation Foundation (UAF) မှ နိုင်ငံတကာအသိအမှတ်ပြု အရည်အသွေးထောက်ခံချက်လက်မှတ် ISO 9001:2015 ကို ရရှိခဲ့ရာ ယင်းအရည်အသွေးထောက်ခံချက်လက်မှတ် ပေးအပ်သည့် အခမ်းအနားကို မတ် ၂၅ ရက်က ရန်ကုန်မြို့ တာမွေမြို့နယ် Sky Star Hotel ၌ ကျင်းပစဉ် ပြောကြားခြင်းဖြစ်သည်။

"လက်ရှိက သင်္ကြန်နားနီးပြီဆိုတော့ ပိတ်ရက်တွေလည်းများတော့ အိမ်ခြံမြေဈေးကွက်အနေနဲ့က အရောင်းအဝယ်နည်းနည်းတော့ ပါးတယ်။ သင်္ကြန်အပြီး မေ၊ ဇွန်၊ ဇူလိုင်လလောက်မှာ ဈေးကွက်က ပြန်လည်ဖြစ်ထွန်းလာမယ်" ဟု ဦးဝဏ္ဏစိုးက ဆက်လက်ပြောကြားသည်။ လက်ရှိတွင် ရန်ကုန်မြို့ အိမ်ခြံမြေဈေးကွက်အတွင်း အရှေ့ဒဂုံ၊ တောင်ဒဂုံ၊ မြောက်ဒဂုံမြို့နယ်တို့၌ ပေ ၄၀၊ ပေ ၆၀ အကျယ် မြေကွက်များ ဈေးမြင့်တက်နေပြီး တောင်ဥက္ကလာပမြို့နယ်မှ တိုက်ခန်းနှင့် ကွန်ဒိုများသည် ကျပ်သိန်း ၁၀၀၀ မှ သိန်း ၃၀၀၀ အထိ ရှိနေကြောင်း သိရသည်။

ISO လက်မှတ်ရရှိခြင်းနှင့် ပတ်သက်၍လည်း "ISO ရဲ့ အနှစ်သာရကိုက နိုင်ငံတကာ အရည်အသွေးထောက်ခံချက်လက်မှတ်ဖြစ်တယ်။ မြန်မာနိုင်ငံ ကိုယ်စားပြုတဲ့ ဖိုးလမင်းမြန်မာကုမ္ပဏီလီမိတက် အနေနဲ့လည်း နိုင်ငံတကာနဲ့ ရင်ပေါင်တန်းပြီးတော့ ဘောင်ဝင်တန်းဝင်တဲ့ ဝန်ဆောင်မှုတွေပေးနိုင်တယ်။ ဒီကျွမ်းကျင်မှုတွေ ရှိတယ်ဆိုတာကို ကျွန်တော်တို့က ဒီလက်မှတ်ယူပြီးတော့ ကတိကဝတ်ပြုထားခြင်းပဲ ဖြစ်ပါတယ်။ ဒီလက်မှတ်ကိုယူခြင်းရဲ့ ရှေ့လုပ်ငန်းစဉ်တွေကို ပြည်တွင်းဈေးကွက်မှာ ထိုးဖောက်ပြီးတဲ့အပြင် နိုင်ငံတကာကို ဆက်လက်တိုးချဲ့ထိုးဖောက်ဖို့ ရည်ရွယ်ချက်တွေနဲ့ ဒီလက်မှတ်ကို ကြိုးစားပြင်ဆင်ရယူထားခြင်းပဲဖြစ်ပါတယ်" ဟု ၎င်းက ဆက်ပြောသည်။ **အာကာလင်း**

- **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

## ၂၈-၃-၂၀၂၄ ရက်နေ့တွင်ဖြစ်ပေါ်သော အာဆီယံနိုင်ငံများ၏ စက်သုံးဆီဈေးနှုန်းများ


| စဉ် | အာဆီယံနိုင်ငံများ | ဓာတ်ဆီ(တစ်လီတာ) |
|---|---|---|
| ၁။ | စင်ကာပူ | ၉၆၅၃ ကျပ် |
| ၂။ | လာအို | ၄၈၅၃ ကျပ် |
| ၃။ | ဖိလစ်ပိုင် | ၄၄၉၉ ကျပ် |
| ၄။ | ထိုင်း | ၄၂၈၅ ကျပ် |
| ၅။ | ကမ္ဘောဒီးယား | ၄၀၀၅ ကျပ် |
| ၆။ | ဗီယက်နမ် | ၃၂၇၀ ကျပ် |
| ၇။ | အင်ဒိုနီးရှား | ၃၀၇၉ ကျပ် |
| ၈။ | မြန်မာ | ၂၉၁၅ ကျပ် |
| ၉။ | မလေးရှား | ၁၄၅၀ ကျပ် |
| ၁၀။ | ဘရူနိုင်း | ၁၃၁၃ ကျပ် |

| စဉ် | အာဆီယံနိုင်ငံများ | ဒီဇယ်(တစ်လီတာ) |
|---|---|---|
| ၁။ | စင်ကာပူ | ၉၀၁၈ ကျပ် |
| ၂။ | ဖိလစ်ပိုင် | ၄၂၂၂ ကျပ် |
| ၃။ | ကမ္ဘောဒီးယား | ၃၄၂၇ ကျပ် |
| ၄။ | အင်ဒိုနီးရှား | ၃၄၀၃ ကျပ် |
| ၅။ | လာအို | ၃၂၂၆ ကျပ် |
| ၆။ | ဗီယက်နမ် | ၂၇၉၆ ကျပ် |
| ၇။ | ထိုင်း | ၂၇၂၉ ကျပ် |
| ၈။ | မြန်မာ | ၂၄၄၅ ကျပ် |
| ၉။ | မလေးရှား | ၁၅၂၀ ကျပ် |
| ၁၀။ | ဘရူနိုင်း | ၇၆၈ ကျပ် |

သက်ဆိုင်ရာနိုင်ငံအလိုက် US ဒေါ်လာဈေးနှုန်းအား ပြည်တွင်း Market Exchange Rate ဖြင့် တွက်ချက်ထားပါသည်။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉-၃-၂၀၂၄ ကျပ်/လီတာ



ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၆၈ | ၂၇၅၅ |
| 95 Ron | ၂၇၈၂ | ၂၈၇၁ |
| HSD (500 ppm) | ၂၂၈၄ | ၂၃၅၉ |
| HSD (50 ppm) | ၂၃၂၈ | ၂၄၀၅ |
| HSD (10 ppm) | ၂၃၂၈ | ၂၄၀၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၀၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# အလုပ်သမားဆေးရုံကြီး(မန္တလေး)၌ ကျောက်ကပ်တုသွေးသန့်စင်စက် လှူဒါန်းပွဲကျင်းပ

**မန္တလေး မတ် ၂၈**
အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့သည် မြန်မာနိုင်ငံအထက်ပိုင်းရှိ အကျုံးဝင် အာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုလွယ်ကူထိရောက်စေရန် ရည်ရွယ်၍ အလုပ်သမားဆေးရုံကြီး(မန္တလေး)ကို ခုတင် (၁၅၀)ဆံ့ဆေးရုံကြီးအဖြစ် တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး ပြင်ပလူနာဌာန၊ ခာတ်မှန်ဌာန၊ ခာတ်ခွဲဌာန၊ အကြောအဆစ်ကုသမှုဌာန၊ သွားနှင့်ခံတွင်းကုသဌာန၊ မျက်စိကုသဆောင်၊ အရိုးကုသဆောင်၊ ဖျားနာကုသဆောင်၊ ခွဲစိတ်ကုသဆောင်၊ သားဖွားမီးယပ်ကုသဆောင်၊ မေ့ဆေးဌာနနှင့် ခွဲစိတ်ကုသဆောင်ဟူ၍ ဆေးကုသဆောင်များထားရှိကုသပေးလျက်ရှိသည်။

ထို့ပြင် ပြင်ပလူနာများကို ကုသပေးခြင်းနှင့် လိုအပ်ပါက အတွင်းလူနာအဖြစ် ကုသပေးခြင်း၊ ခွဲစိတ်ကုသပေးခြင်းများကို အလေးထားဆောင်ရွက်ပေးလျက်ရှိရာ နာတာရှည်ကျောက်ကပ်ရောဂါ ခံစားနေရသောအာမခံအလုပ်သမား လူနာများအတွက် ကျောက်ကပ်တုသွေးသန့်စင်စက် နှစ်လုံးကို ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၉ ရက်တွင် တပ်ဆင်၍ ကျောက်ကပ်သန့်စင်ဆေးကြောပေးလျက်ရှိရာ လူနာဦးရေ ရှစ်ဦးကို အကြိမ်ရေ ၆၄ ကြိမ်တိုင် ဆေးကြောပေးခဲ့ပြီးဖြစ်သည်။

ယခုအခါ ပိုမိုကောင်းမွန်ပြည့်စုံသော ကျောက်ကပ်သန့်စင်ဆေးကြောခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးနိုင်ရန် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ၅၉ လမ်းနှင့် (၁၁၄-B) လမ်းထောင့်ရှိ "နေလဖောင်ဒေးရှင်း" မိသားစုမှ တန်ဖိုးငွေကျပ်သိန်း ၆၃၀ တန်ဖိုးရှိသည့် NIKKISO DBB-27 Made In JAPAN စက်နှစ်လုံးကို "နေလဖောင်ဒေးရှင်း" ၏ Founder ဖြစ်သော ဦးလောဝူး ကွယ်လွန်ခြင်း (၁၄) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် မတ် ၂၈ ရက် ယနေ့တွင် ကျန်ရစ်သူ သား သမီးများက လှူဒါန်းလာသဖြင့် ကျောက်ကပ်တုသွေးသန့်စင်စက်နှစ်လုံး လှူဒါန်းပွဲနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခြင်း အခမ်းအနားကို အလုပ်သမားဆေးရုံကြီး (မန္တလေး)၌ ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန် တက်ရောက်လက်ခံ၍ ကျေးဇူးတင်ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**




# Public Opinion Analysis(AI) နည်းပညာသင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် မတ် ၂၈**
ပြန်ကြားရေးဝန်ကြီးဌာန မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ Public Opinion Analysis (AI) နည်းပညာ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာတင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ သင်တန်းဆရာ ဒေါက်တာကျော်ကျော်လင်း၊ ဒေါက်တာဖြိုးပိုင်ကိုနှင့်အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာတင်က မိမိတို့မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် (AI) နည်းပညာအသုံးပြု၍ သတင်းတု၊ သတင်းမှား တိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်နှင့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရန် ယခုကဲ့သို့ သင်တန်းကို ဖွင့်လှစ်သင်ကြားရခြင်းဖြစ်ကြောင်း၊ နောက်ထပ် သင်တန်းသားများ ဆက်လက်မွေးထုတ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သင်တန်းဆရာ ဒေါက်တာကျော်ကျော်လင်း က အောက်တိုဘာ ၇ ရက်မှစ၍ မတ် ၂၁ ရက်အထိ သင်တန်းကာလ (၅ လကျော်)တွင် ပို့ချခဲ့သည့်ဘာသာရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ သင်တန်းဆင်းလက်မှတ်များအား သင်တန်းသားသင်တန်းသူ ရှစ်ဦးထံသို့ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**ခင်စန္ဒီလင်း**



# မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း (ဗဟို) သုံးလပတ်အစည်းအဝေးကျင်းပ

**ရန်ကုန် မတ် ၂၈**
မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)၏ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ မတ်လအထိ သုံးလပတ်အစည်းအဝေးကို မတ် ၂၃ ရက်က လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပန်ဒါဟိုတယ်၌ ပြုလုပ်ရာ နေပြည်တော်ကောင်စီနယ်မြေနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်းများမှဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို) ဥက္ကဋ္ဌ ဦးခင်မောင်သန်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဂုဏ်ထူးဆောင်နာယကဦးသိန်းလှညိုက အမှာစကားပြောကြားသည်။ ယင်းနောက်ဒုတိယဥက္ကဋ္ဌ (၁) ဒေါ်မိုးမိုးထွန်းကအသင်း၏ တာဝန်ခွဲဝေပေးအပ်ခြင်းနှင့်အတူ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏လမ်းညွှန်ဆောင်ရွက်မှုဖြင့် အသင်းများမှ လိုက်နာဆောင်ရွက်ကြရန် မှာကြားသည်။ ဆက်လက်၍ အသင်းအထွေထွေအတွင်းရေးမှူး ဦးမျိုးမြင့်အောင်က ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ မတ်လအထိ သုံးလပတ်အစီရင်ခံစာကို ဖတ်ကြားတင်ပြပြီး အတည်ပြုချက်ရယူသည်။ ထို့နောက် တွဲဖက်ဘဏ္ဍာရေးမှူး (၁) ဒေါ်ဝင်းဝင်းသန်းက ဘဏ္ဍာရှင်းတမ်းကို ဖတ်ကြားတင်ပြသည်။

ဆက်လက်၍တက်ရောက်လာကြသည့် နေပြည်တော်ကောင်စီနယ်မြေနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်းများမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက မိမိတို့အသင်းများ၏ ဆောင်ရွက်ချက်များအသင်း၏ ရှေ့လုပ်ငန်းစဉ်များ၊ တွေ့ကြုံရသည့်အခက်အခဲများကို တင်ပြဆွေးနွေးရာအသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း (ဗဟို) သည်ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအသိပညာပေးသင်တန်းကို လစဉ်ဖွင့်လှစ်ပြီး အသင်းဝင်များတက်ရောက်လျက်ရှိကြောင်း သိရသည်။ **မျိုးမင်းသူရ**



# ဟိုပုံးမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံး လက်ရက်ကန်းစင်နှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့

**ဟိုပုံး မတ် ၂၈**
ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ရက်ကန်းနှင့်အသက်မွေးပညာ သင်တန်းကျောင်း (တောင်ကြီး)မှ အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်း လက်ရက်ကန်းစင်နှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့နံနက် ၉ နာရီက ကျောက္ကချားကျေးရွာ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစိုးနိုင်ထူးက ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်း (တောင်ကြီး) သည် အသေးစားစက်မှုလက်မှုလုပ်ငန်း မြှင့်တင်ရေးဥပဒေပါ အခြေခံမူများနှင့်အညီ ရက်ကန်းနည်းပညာရပ်များပြန့်ပွားစေရန်၊ ရက်ကန်းဆိုင်ရာ ကျွမ်းကျင်မှုများရရှိစေရန်၊ နည်းပညာ လွှဲပြောင်းပေးသည့် သင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိသည့်အပြင် အသေးစားစက်မှုလက်မှုလုပ်ငန်းများ စနစ်တကျထွန်းကားစေပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် စီမံဆောင်ရွက်ပေးခြင်းဖြင့် အသေးစားကုန်ထုတ်လုပ်ငန်းများ ထူထောင်လာနိုင်ပြီး ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ဖွင့်လှစ်ပေးလျက်ရှိကြောင်း ပြောကြားသည်။ ထို့နောက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းထွန်းက လုပ်ငန်း ထူထောင်မည့်သူများအနေဖြင့် မိမိတို့ဘဝရပ်တည်နိုင်ရေး၊ မိသားစုအတွက် ဝင်ငွေရရှိစေရေး၊ ဈေးနှုန်းချိုသာသည့် အဝတ်အထည်များ ဒေသတွင်းဖြန့်ဖြူး ပေးနိုင်ရေးတို့အတွက် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ဒေသဖွံ့ဖြိုးရေးသုံးပစ္စည်းများဖြင့် လုပ်ငန်းထူထောင်လုပ်ကိုင်ပြီး မိမိတို့ဘဝမြင့်မားတိုးတက်စေရေးအတွက် စဉ်ဆက်မပြတ်လေ့လာပြီး လုပ်ငန်းအောင်မြင်အောင် ဆောင်ရွက်ရန် ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစိုးနိုင်ထူး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းထွန်း၊ ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်း(တောင်ကြီး)မှ ကျောင်းအုပ်ကြီး ဒေါ်ဖြူဖြူမြင့်နှင့် တာဝန်ရှိသူတို့က သင်တန်းသူများအား လုပ်ငန်းထူထောင်နိုင်ရန်အတွက် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံး လက်ရက်ကန်းစင်နှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ပြီး**(ဝဲပုံ)** သင်တန်းသူ လက်ရက်ကန်းရက်လုပ်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင်**
**ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ စာအုပ်စာစောင်များပေးအပ်ရန် အသိပေးကြေညာချက်

၂၀၁၄ ခုနှစ်၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ၊ နည်းဥပဒေများအရ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၅ အုပ် သို့မဟုတ် ၅ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ် ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါ စာအုပ်စာစောင်များကို မူပိုင်ခွင့်နှင့်စာအုပ်စာရင်း ၂ အုပ်၊ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသို့ ၂ အုပ်နှင့် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသို့ ၁ အုပ် ပေးပို့လျက်ရှိပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၅ အုပ် သို့မဟုတ် ၅ စောင်ကို ဖြန့်ချိသည့်နေ့မှစ၍ ၁၄ ရက်အတွင်း ပုံစံ (၁၁)ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရမည်ဖြစ်ပါသည်။ ယခုအခါ အောက်ဖော်ပြပါထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရန် ပျက်ကွက်လျက်ရှိပါသဖြင့် အမြန်ဆုံးပေးအပ်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ |
|---|---|---|---|
| ၁။ | အနိစ္စမီးခိုးတန်းများနှင့် စိတ်ရှာပုံတော် | ဝဇီရာဒီဖိုး | ဦးခင်မောင်မြင့် (မြင့်စာပေ) |
| ၂။ | ကြယ်စင် အထွေထွေဗဟုသုတ (၂၀၂၄-၂၀၂၅) | မောင်ကျော်ဇော(သံတမန်) | ဦးအောင်ကျော်မိုး (ကြယ်စင်စာပေ) |
| ၃။ | ငါးရာ့ငါးဆယ် ဗုဒ္ဓဝင်ပုံပြင်များ (အမှတ်-၅) | ကာတွန်းမောင်ရဲသူ(ရန်ကုန်တက္ကသိုလ်) သရုပ်ဖော်သည် | ဦးဇော်ဝင်းဦး (ပန်းရတနာစာပေ) |
| ၄။ | ငွေရှာနည်းအနှစ်သာရများ (တတိယအကြိမ်) | ဆရာဦးမိုးမြင့်(B.Sc) | ဦးအောင်ဖြိုးဟိန်း (စာအုပ်ရွာစာပေ) |
| ၅။ | လူငယ်များအတွက် ဂမ္ဘီရဝိပဿနာ (ဒုတိယအကြိမ်) | မေတ္တာရှင် (ရွှေပြည်သာ) | ဦးစိုးမြင့် (ရွှေပြည်သာစာပေ) |

ပြန်ကြားရေးဝန်ကြီးဌာန

## ယနေ့ဈေးကွက်ပေါက်ဈေးများ ၂၈ - ၃ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၃၅ ကျပ် | ၂၄၈၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၈၀ ကျပ် | ၂၅၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၇၉၅ ကျပ် | ၂၈၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၉၀၀ ကျပ် | ၂၉၅၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

◆ *ကျော်ဖုံးမှ*

နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ရန်ကုန်ယူနိုက်တက် အသင်းကို နှစ်ဂိုး - တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

ရှမ်းယူနိုက်တက် အသင်းသည် မြန်မာ့လက်ရွေးစင်အသင်းနှင့် ပါဝင်သွားသည့် ကစားသမားအချို့မှလွဲ၍ ကျန်ကစားသမားများဖြင့် ယှဉ်ပြိုင်ခဲ့ပြီး မိနစ် ၃၀ တွင် ကောင်းမြတ်သူ၏ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။ ၃၃ မိနစ်တွင် ရှိုင်းဝဏ္ဏအောင်က မြန်မာ ယူ-၁၉ အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့ပြီး အနိုင်ဂိုးကို ၆၄ မိနစ်တွင် စောစေးကပေါ်စေးက သွင်းယူခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် မတ်လ နိုင်ငံတကာ ရက်သတ္တပတ်ကြောင့် ပြည်တွင်းပြိုင်ပွဲ ရပ်နားထားသည့်ကာလအတွင်း မြန်မာ့လက်ရွေးစင်အသင်း၊ မြန်မာ ယူ-၁၉ အသင်းတို့နှင့် ဆက်တိုက်ခြေစမ်းကစားခဲ့ခြင်းဖြစ်သည်။

ရဲရင့်လွင်ဓာတ်ပုံ-MFF

## အစိုးရဓမ္မာစရိယစာမေးပွဲ (ပထမနေ့)ကျင်းပ

နေပြည်တော် မတ် ၂၈

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၄ ခုနှစ်၊ အစိုးရဓမ္မာစရိယစာမေးပွဲကို ယနေ့ (ပထမနေ့) နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၇ ဌာနတို့တွင် စာဖြေစာရင်းသွင်း ၁၄၉၄၈ ပါး/ဦးအနက် ၁၂၅၅၄ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၃ ဒသမ ၉၈ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**




ဗဟန်းမြို့နယ် ငါးထပ်ကြီးမြောက်ရပ်ကွက် ငါးထပ်ကြီးဘုရားလမ်း မဇ္ဈိမ မနောသုခကျောင်းတိုက်၌ မတ် ၂၈ ရက်က ဦးမျိုးဆွေ-သီရိသုဓမ္မသိင်္ဂီ မဇ္ဈိမသံဃာ့မာတာ ဒေါ်မြရှင် (ပုလဲရတနာရောင်းဝယ်ရေး) မိသားစုက ပင့်သံဃာအပါး ၁၀၀ ကျော်တို့အား အာစိဏ္ဏကံ ကုသိုလ်အဖြစ် အရုဏ်ဆွမ်းဆက်ကပ်ခြင်း၊ သံဃာ့ဒါနအဖြစ် နေ့ဆွမ်းနှင့် နဝကမ္မ လောင်းလှူစဉ်။ အာကာလင်း

## ကံကံ၏အကျိုးပေးနှင့် ဖြစ်ရပ်မှန်ဝတ္ထုတိုများစုစည်းမှု စာအုပ်ထွက်ရှိ

ကံကံ၏အကျိုးပေးနှင့် ဖြစ်ရပ်မှန်ဝတ္ထုတိုများ စုစည်းမှုစာအုပ်သည် ၂၀၂၁ ခုနှစ် အမျိုးသားစာပေဆုရှင် စိုးတင့်(ရောဝတီ)၏ ဝတ္ထုတို ၁၁ ပုဒ်ကို စုစည်းဖော်ပြထားသော စာအုပ်ဖြစ်သည်။

စာရေးသူကိုယ်တိုင် ဘဝ၏ ဆင်းရဲခက်ခဲသောကာလများကို ဖြတ်သန်းခဲ့ရချိန်များတွင် ကြုံတွေ့ရသည့် အခက်အခဲများနှင့် ယင်းအခက်အခဲများကို ရင်ဆိုင်ဖြတ်ကျော်ခဲ့ပုံများ၊ ထိုသို့ ရင်ဆိုင်ခဲ့ရာတွင် ဘုရားရှင်၏ အဆုံးအမဖြစ်သည့် ယောနိသော မနသိကာရ (နှလုံးသွင်းမှန်ကန်ခြင်း၊ သင့်မြတ်သော နှလုံးသွင်းခြင်း) ဖြင့် ဓမ္မအသိတရားလက်ကိုင်ထား၍ ရင်ဆိုင်ခဲ့ပုံများကို လူငယ်မျိုးဆက်သစ်များလေ့လာအတုယူနိုင်ရန် ကိုယ်တွေ့ဝတ္ထုတိုများကို ရေးသားခဲ့ခြင်းဖြစ်ကြောင်း အမှာစာတွင် ဖော်ပြထားသည်။

ယင်းစာအုပ်တွင် ကံကံ၏ အကျိုးပေး၊ အဘွားအိုဒေါ်ဒါန၊ သစ်ပင်တန်ဖိုးချစ်မြတ်နိုး၊ တပ်သစ်မှတ်တမ်းအလွမ်းပဒေသာ၊ ဂုဏ်သိက္ခာတိုက်ပွဲဟု ဆိုချင်ပါသည်၊ အာဂဆရာတော်၊ မေတ္တာအောင်ပွဲ၊ ကျေးဇူးရှိသည်မို့ ကျေးဇူးတင်ပါသည်၊ ကိုဗစ်လှိုင်းများကို ကျော်ဖြတ်ခြင်း၊ အာနိုး၊ ဇာတ်လမ်းရယ်စုံ ညောင်နှစ်ပင်ဇုန်ခေါင်းစဉ်




များဖြင့် ဝတ္ထုတို ၁၁ ပုဒ်၊ စာမျက်နှာ ၁၀၀ ကျော်ပါဝင်သည်။ နိုင်ငံ့ဂုဏ်ရည် စာပေတိုက် (ဖုန်း-၀၉၈၈၃၄၈၃၇၁၈) မှ ထုတ်ဝေဖြန့်ချိကာ စာအုပ်တန်ဖိုးမှာ ကျပ် ၆၀၀၀ ဖြစ်သည်။

မြန်မာ့အလင်း

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၄၀၀ | ၈၄၀၀ | ၃၇၃ | ၃၁၃၃၂၀၀ |
| MTSH | ၂၈၅၀ | ၂၉၀၀ | ၁၄၂ | ၄၀၅၂၀၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၁၁၉ | ၉၂၈၂၀၀ |
| FPB | ၁၅၀၀ | ၁၅၀၀ | ၅၁ | ၇၆၅၀၀ |
| TMH | ၂၆၀၀ | ၂၅၀၀ | ၆၁ | ၁၅၄၆၀၀ |
| EFR | ၁၇၀၀ | ၁၇၀၀ | ၃၀၅၆၀ | ၅၀၉၆၂၅၀၀ |
| AHPC | ၀ | ၀ | ၀ | ၀ |
| MAEPC | ၁၈၅၀ | ၁၈၅၀ | ၁၁၀ | ၂၀၃၅၀၀ |




## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် (မ-၅၅)၊ ဦးပိုင်အမှတ် (၂၃)၊ ၃၈ x ၃၉ လမ်းကြား၊ ၅၃x၅၄ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်သဲဖြူဝင်း ၉/အမဇ(နိုင်)၀၂၃၂၄၂၏ (GP ရရှိသူ ဦးကေရှားဆင်း)၊ ဒေါ်မိုးပွင့်ဖြူ ၉/အမဇ(နိုင်)၀၄၂၂၆၄၏ (GP ရရှိသူ ဒေါ်ခင်မာကြည်) တို့က အမှုတွဲအမှတ် ၈၀၃၅/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် ခခ-၄၊ ဦးပိုင်အမှတ်(၂၁)၅၆x၅၇ ကြား၊ ၁၀၂x၁၀၃ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးနေလင်းအောင်၏ (SP ရရှိသူ ဦးကျော်ထွန်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၄၄၅/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မြင့်မြင့်ခိုင် ၅/ခဥန(နိုင်)၀၁၅၃၆၀ က အမှုတွဲအမှတ် (၈၀၃၇/၂၀၂၃-၂၀၂၄)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ သံလျက်မော်တောင်ရပ်ကွက်၊ အကွက်အမှတ် ၄၀၆K၊ ဦးပိုင်အမှတ် (၆၈-က)၊ ကမ်းနားလမ်းအရှေ့ဘက်နှင့် သာယာရွှေဂူဘုရားအနောက်ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသန်းလွင်၏ (SP ရရှိသူ ဒေါ်မြမြသန်း၊ ဦးဝင်းဖေမြင့်)တို့ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ် (၄၀၈၃-၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ရှန်ရင်(ခ) ကြူကြူဝင်း ၁/ဗမန(နိုင်)၀၀၃၀၁၂က အမှုတွဲအမှတ် (၈၀၃၈/၂၀၂၃-၂၀၂၄) ဖြင့် သက်တမ်းတိုးအမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၂ ရပ်ကွက်၊ အကွက်အမှတ် ဆ-၁၀၊ ဦးပိုင်အမှတ် (၁၅၁)၊ ၇၀x၇၁ ကြား၊ ခိုင်ရွှေဝါနှင့် မနော်ဟရီကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးလှဖုန်း၏ (SP ရရှိသူ ဦးကျော်ဝင်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၂၈-၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ရွှေ ၁/မမန(ဧည့်)၀၀၀၀၄၅က အမှုတွဲအမှတ် (၈၀၄၅/၂၀၂၃-၂၀၂၄)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## အင်းစိန်ခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁

| | | |
|---|---|---|
| Yoma Fleet Ltd Company (၎င်း၏တာဝန်ပေးအပ်ခြင်းခံရသူ ဦးဥက္ကာအောင်) | နှင့် | Pacific Hunt Energy Corp (Myanmar Branch) (၎င်း၏မန်နေဂျင်းဒါရိုက်တာ Mr.DevSindhu) |
| **(တရားလို)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ဆကူရာတာဝါ၊ (၁၅) လွှာ၊ အခန်းအမှတ်- ၁၅၀၄(အေ)နေ တရားပြိုင် Pacific Hunt Energy Corp (Myanmar Branch) (၎င်း၏မန်နေဂျင်း ဒါရိုက်တာ Mr.Dev Sindhu) (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက " မော်တော်ယာဉ်၊ နောက်တွဲယာဉ်၊ ထွန်စက်၊ ထွန်စက်နောက်တွဲ၊ မီးစက်များနှင့်ပတ်သက်သည့် လစဉ်ငှားရမ်းခ ကြွေးကျန်ငွေ အမေရိကန်ဒေါ်လာ(၇၄၂,၂၈၈.၈၀)USDနှင့် နောက်ဆုံးပေးချေ ရမည့် Residual Values ငွေအမေရိကန်ဒေါ်လာ (၈၈,၇၉၅.၄၅)USDအပါအဝင် စုစုပေါင်း အမေရိကန်ဒေါ်လာ(၈၃၁,၀၈၄.၂၅) USD ရလိုမှု" ရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၃ ရက် (၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်နေ့) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန်ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစ ရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မတ် လ ၂၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

( တင်တင်မော် )
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**အင်းစိန်ခရိုင်တရားရုံး**

## ပြင်ဆင်မှုဆိုင်ရန် ချိန်းဆိုသည့် နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူများသို့ အကြောင်းကြားစာ
## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၁၉ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၃၀၇

| လျှောက်ထားသူများ | | လျှောက်ထားခံရသူများ | |
|---|---|---|---|
| ၁။ ဦးထွန်းရွှေ<br>၂။ ဦးတင်ရွှေ(ကိုယ်တိုင်နှင့် လျှောက်ထားသူ (၁)(၃)တို့၏ အခွင့်ရကိုယ်စားလှယ်)<br>၃။ ဦးတင်လှ | နှင့် | ၁။ ဦးဝင်းမြင့်(ခ)ဦးဟူစိန်(ဥက္ကဋ္ဌ) (အခွင့်ရကိုယ်စားလှယ်ဦးသက်နိုင်)<br>၂။ ဦးသူရကျော်(အတွင်းရေးမှူး)<br>၃။ ဦးမောင်မောင်တင့်(အဖွဲ့ဝင်) | |
| | | ၄။ ဦးမောင်မောင်တင် | ၅။ ဦးအောင်ဆန်းဦး |
| | | ၆။ ဦးအောင်လင်းဦး | ၇။ ဦးအောင်လှ |
| | | ၈။ ဦးတင်ရွှေ | ၉။ ဦးဘချို(ကိုယ်တိုင်နှင့် ၄၊ ၅၊ ၆၊ ၇၊ ၈ တို့၏ အခွင့်ရ ကိုယ်စားလှယ်) |
| | | ၁၀။ ဦးဟာရှင် | ၁၁။ ဦးမြင့်ဦး |
| | | ၁၂။ ဦးမင်းကြည် | ၁၃။ ဦးဝင်းနိုင် |
| | | ၁၄။ ဦးလှဝင်း | ၁၅။ ဦးသန့်ဇင် |
| | | ၁၆။ ဦးမာမက်အီနစ် | ၁၇။ ဦးမုစ်တာအာမက် |
| | | ၁၈။ ဦးတင်ဦး (ကိုယ်တိုင်နှင့် (၁၄၊ ၁၅၊ ၁၆၊ ၁၇ တို့၏ အခွင့်ရ ကိုယ်စားလှယ်) | ၁၉။ ဦးဇေယျဦး |
| | | ၂၀။ ဦးဝင်းထွန်းမင်း | ၂၁။ ဦးတင်ရွှေ |
| | | ၂၂။ ဦးငွေသိန်း | ၂၃။ ဦးခင်မောင်သန်း (ကိုယ်တိုင်နှင့် ၁၉၊ ၂၀၊ ၂၁၊ ၂၂ တို့၏ အခွင့်ရ ကိုယ်စားလှယ်) |
| | | ၂၄။ ဦးသိန်းဇော် | ၂၅။ ဦးရှိုင်းလင်းထွန်း |
| | | ၂၆။ ဦးကျော်လင်းထွန်း | ၂၇။ ဦးနိုင်လင်းထွန်း |
| | | ၂၈။ ဦးလှတင် | ၂၉။ ဦးမြင့်ဦး (ကိုယ်တိုင်နှင့် (၂၄၊၂၅၊၂၆၊၂၇၊၂၈ တို့၏အခွင့်ရ ကိုယ်စားလှယ်) |
| | | ၃၀။ ဦးသန့်ဇင်ဝင်း | ၃၁။ ဦးတင်ယု |
| | | ၃၂။ ဦးကံမောင် | ၃၃။ ဦးတင်ငွေ |
| | | ၃၄။ ဦးဝင်းမြင့်ထွန်း (ကိုယ်တိုင် နှင့် (၃၀၊ ၃၁၊ ၃၂၊ ၃၃ တို့၏အခွင့်ရ ကိုယ်စားလှယ်) | ၃၅။ ဦးမောင်လှ |
| | | ၃၆။ ဦးတင်ဝင်း | ၃၇။ ဦးနိုင်ဝင်း |
| | | ၃၈။ ဦးစိုးမြင့် | ၃၉။ ဦးထွန်းအောင်လွင် (ကိုယ်တိုင်နှင့် (၃၅၊ ၃၆၊ ၃၇၊ ၃၈ တို့၏ အခွင့်ရ ကိုယ်စားလှယ်) |
| | | ၄၀။ ဦးအေးသောင်း | ၄၁။ ဦးသိန်းထက်အောင် |
| | | ၄၂။ ဦးပြည့်ဖြိုးအောင် | ၄၃။ ဦးအေးမင်းကျော် |
| | | ၄၄။ ဦးခင်မောင်ဖြူ (ကိုယ်တိုင်နှင့်(၄၀၊ ၄၁၊ ၄၂၊ ၄၃ တို့၏အခွင့်ရ ကိုယ်စားလှယ်) | |

**(လျှောက်ထားသူများ)** **(လျှောက်ထားခံရသူများ)**

၂၀၁၉ ခုနှစ်၊ မတ်လ ၁၅ ရက်စွဲပါ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၃၅/၂၀၁၃ အမှုတွင် ချမှတ်သောအမိန့်ကို ပြင်ဆင်မှု။

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကမ်းနားအလယ်ရပ်ကွက်၊ ခေမာတောင်(၅)လမ်း၊ ၁၃ နေ လျှောက်ထားခံရသူအမှတ်(၁၂)ဦးမင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ မာလာမြိုင်လမ်း၊ ၃၀၀ နေ လျှောက်ထားခံရသူအမှတ် (၂၄) ဦးသိန်းဇော်၊ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန် မြို့နယ်၊ ကမ်းနားအလယ်ရပ်ကွက်၊ ခေမာတောင်(၅)လမ်း၊ ၁၉ နေ လျှောက်ထားခံရသူအမှတ်(၂၈) ဦးလှတင်၊ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကမ်းနားအလယ်ရပ်ကွက်၊ ခေမာလမ်း၊ ၈၄ နေ လျှောက်ထားခံရသူ အမှတ်(၃၅) ဦးမောင်လှ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကွက်သစ်ရပ်ကွက်၊ ဘောဂလမ်း၊ အမှတ် (၃)နေ လျှောက်ထားခံရသူအမှတ်(၃၇) ဦးနိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကမ်းနားအလယ်ရပ်ကွက်နေ လျှောက်ထားခံရသူ အမှတ် (၃၈) ဦးစိုးမြင့်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ပိန္နဲကုန်းရပ်ကွက်၊ ဗောဓိလမ်း၊ ၃၄၇ နေ လျှောက်ထားခံရသူအမှတ် (၃၉)ဦးထွန်းအောင်လွင် (ယခု နေရပ်လိပ်စာမသိသူတို့) သိစေရမည်။

လျှောက်ထားသူအမှတ်(၃)ဦးတင်လှသည် ကွယ်လွန်သွားပြီဖြစ်၍ ၎င်း၏ဇနီးဖြစ်သူ ဒေါ်ရိုင်မားဘီဘီ အား လျှောက်ထားသူများက တရားဝင်ကိုယ်စားလှယ် ထည့်သွင်းပေးပါရန် လျှောက်ထားလာမှုအပေါ် သဘောထားတင်ပြရန် ၊ လျှောက်ထားခံရသူ အမှတ်(၂၉)ဦးမြင့်ဦး ကွယ်လွန်၍ အမှုမှ ဖယ်ထုတ်ခွင့်ပြုပါရန် လျှောက် ထားခံရသူအမှတ် (၂၅) ဦးရှိုင်းလင်းထွန်း၊ လျှောက်ထားခံရသူအမှတ်(၂၆) ဦးကျော်လင်းထွန်း၊ လျှောက်ထား ခံရသူအမှတ်(၂၇)ဦးနိုင်လင်းထွန်း တို့မှ လျှောက်ထားလာမှုအပေါ် သဘောထားတင်ပြရန် နှင့် လျှောက်ထား ခံရသူအမှတ်(၁) ဦးဝင်းမြင့်ကွယ်လွန်၍ ၎င်း၏သားတော်စပ်သူ ဦးသက်နိုင်မှ တရားဝင်ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခွင့်ပြုပါရန် လျှောက်ထားလာမှုအပေါ် သဘောထားတင်ပြရန် နှင့်ပတ်သက်၍ လျှောက်ထားခံရသူ အမှတ် (၁၂၊၂၄၊၂၈၊ ၃၅၊၃၇၊၃၈၊၃၉) တို့သိစေရမည်။

ယခုအမှုတွင် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတော်မှ ချမှတ်သည့်အမိန့်ကို လျှောက်ထားသူမှ ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုပြင်ဆင်မှုကို ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၂ ရက် (၁၃၈၆ ခုနှစ် တန်ခူးလဆန်း ၁၄ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ် ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၄ ခုနှစ်၊ မတ်လ ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**( သီတာကျော် )**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## ရန်ကုန်အဝေးသင်တက္ကသိုလ်
## ဘွဲ့လွန်ဒီပလိုမာသင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ရန်ကုန်အဝေးသင်တက္ကသိုလ်၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု အစီအစဉ်ဖြင့် ပထဝီဝင်ဌာနမှ ဦးစီး၍ Post Graduate Diploma in Geography of Tourism (PGDGT) သင်တန်းကိုOnline ဖြင့် သင်ကြားပို့ချမည် ဖြစ်ပါသည်။

၂။ အဆိုပါ ဘွဲ့လွန်ဒီပလိုမာသင်တန်းအတွက် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်–

(က) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ခ) သင်တန်းသို့အစိုးရဌာနများနှင့် NGO များမှ ဘွဲ့ရအရာထမ်းများ၊ Tour guide နှင့် ဟိုတယ်နှင့်ခရီးသွားလာရေးမှ ဘွဲ့ရအရာထမ်းများအပြင်၊ ပြင်ပပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ၌ လုပ်ကိုင်နေသော ဘွဲ့ရပုဂ္ဂိုလ်များပါ လျှောက်ထားနိုင်ပါသည်။

၃။ သင်တန်းဝင်ခွင့်နှင့် စပ်လျဉ်းသော အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) **စတင်ဖွင့်လှစ်မည့်ရက်** – ၂၃-၅-၂၀၂၄

(ခ) **သင်တန်းကာလ** – (၁၀) လ

(ဂ) **လျှောက်လွှာစတင်လက်ခံမည့်ရက်** – ၁-၄-၂၀၂၄

(ဃ) **လျှောက်လွှာပိတ်မည့်ရက်** – ၂၅-၄-၂၀၂၄

၄။ သင်တန်းလျှောက်လွှာများကို ရန်ကုန်အဝေးသင်တက္ကသိုလ်၏ https://geog.hrd.yude.edu.mm website မှတစ်ဆင့် (၁-၄-၂၀၂၄)ရက်မှစ၍ Online registration ပြုလုပ်၍လျှောက်ထားနိုင်ပါသည်။

၅။ သင်တန်းဦးရေ ကန့်သတ်ထားပါသဖြင့် သတ်မှတ်ဦးရေပြည့်ပါက register ပိတ်ပါမည်။ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံပြီး Online registration အောင်မြင်သူများအား email ဖြင့်အကြောင်းကြားပါမည်။

၆။ သင်တန်းနှင့်ပတ်သက်၍ ဖုန်းနံပါတ် ၀၁- ၅၂၅၈၁၅၊ ၀၁-၂၃၀၅၉၃၈ (09-2021830, 09-420171565 သို့ ရုံးချိန်အတွင်း အသေးစိတ် မေးမြန်းစုံစမ်းနိုင်ပါသည်။

၇။ ဆက်သွယ်ရန် လိပ်စာမှာ ရန်ကုန်အဝေးသင်တက္ကသိုလ်၊ ပထဝီဝင်ဌာန၊ သထုံလမ်းတွင် ဆက်သွယ်နိုင်ပါသည်။

**သင်တန်းကြီးကြပ်မှုကော်မတီ**
**ရန်ကုန်အဝေးသင်တက္ကသိုလ်**
**၄၇ (က)၊ အင်းယားလမ်း၊ ကမာရွတ်၊ ရန်ကုန်မြို့**

## Notice Under Secton 147 and 152 & 151 Insolvency Law
## MFUNCTIONS MYANMAR CO.,LTD. Reg;(121842149)
## (Members Voluntary Winding-Up)

Notice is hereby given that in accordance with the special resolutions of members meeting held(28-3-2024). MFUNCTIONS MYANMAR Co., Ltd. is winding-up voluntarily and U Kyi Lin (B.Com(AA)C.P.A) (MAIP-00201) had been appointed as a liquidator on (28-3-2024). All debtors and creditors shall claim their debts with evidence documents to the liquidator within one year in accordance with Section 151(a) of the Insolvency Law.

| | |
|---|---|
| **Mr. Bui Viet Phuong** | **U Kyi Lin(MAIP-00201)** |
| **Managing Director** | **B.Com(AA);C.P.A** |
| **MFUNCTIONS MYANMAR CO.,LTD.** | **Company Liquidator.** |

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၂ ရပ်ကွက်၊ အမှတ် (၉၈၇)နေ (ဘ)ဦးသိန်းထွန်း၏ သမီး မစိုးစန္ဒာထွန်း ၁၂/ဥကတ(နိုင်) ၂၀၅၂၄၃၏ နိုင်ငံကူးလက်မှတ် အမှတ် MC-794629 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၈၃၈၁၅၈၁၃၊ ၀၉-၆၉၆၀၆၈၄၆၈**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့၊ အောင်ချမ်းသာရပ်နေ(ဘ) ဦးစိုးနိုင်ဦး၏သား မောင်ကျော်မင်းထွန်း ၉/မကန(နိုင်)၁၂၁၃၆၅၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၇၇၉၂၇၃၇**

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မိတ္ထီလာမြို့၊ ဝန်ဇင်း(၁)ရပ်ကွက်၊ နယ်မြေ(၁၄)၊ ပန်းသပြေလမ်း၊ အရှေ့လားသော် ဦးရွှေအေး နေအိမ်၊ အနောက်လားသော် ဒေါ်တင်ရီ နေအိမ်၊ တောင်လားသော် ဦးဌေးဝင်း နေအိမ်၊ မြောက်လားသော် ဒူးလမ်းကြား၊ ၎င်းအနားလေးရပ်ရှိ မြေကွက်တွင် ဒေါ်ခင်အေးမော် ၉/မထလ(နိုင်)၀၂၉၇၆၁ မှ (အလျား ၂၄'-၀" x အနံ ၁၆'-၀")နံကပ် (၂)ထပ် သွပ်မိုး အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အအုံဆောက်လုပ်ခွင့် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူ ဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး တာဝန်ရှိသူထံ လူကိုယ်တိုင် တွေ့ဆုံတင်ပြ ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဏ/၄၀/၁၄ ရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ အမှတ်(၉၉၃/ခ)ရှိ အကျယ်အဝန်း(၂၀ x ၆၀)ပေရှိ မြေကွက်သည် ဦးသိန်းအောင် (MYHE-၁၁၉၅၅၃) အမည်ပေါက် ပါမစ်မြေကွက်ဖြစ်ပြီး ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် နေအိမ်၊ လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်များအားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင် ဆိုင်ထားပြီး ယခုလက်ရှိရောင်းချစီမံပိုင်ခွင့်ရှိသူ ဦးမောင်မောင်အေး ၁၂/လသယ(နိုင်)၀၇၁၈၆၉ ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်စန္ဒာလှိုင် ၈/မကန(နိုင်)၁၁၁၈၅၁ မှ မြေပိုင်မှု ဆက်စပ်စာချုပ်စာတမ်းမူရင်းများနှင့်တကွ တရားဝင်လက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ကြောင်းနှင့် ထိုအိမ်ခြံမြေကွက်၏ ပိုင်ရှင်သည် ဒေါ်စန္ဒာလှိုင် သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန္ဒာလှိုင် ၈/မကန(နိုင်)၁၁၁၈၅၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသင်းဟန်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၉၈၆/၂၀၁၇)**
**စုပေါင်းရုံးကြီးဝင်း၊ အင်းစိန်မြို့နယ်။**
**ဖုန်း-၀၉-၄၂၁၁၀၃၄၅၄**


UNECMM Vocational School
PPTT 11/24
UNEC MM Company Limited.
Viber / Phone : 09-255 499 663


## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇)
## ကျောက်တံတားခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၄၅

**ကွယ်လွန်သူ MOHAMED DAWOOD BHAIMIA (ခ)M.D. BHAIMIA(ခ) မိုဟာမက်ဒါဝတ်ဘိုင်မီယာ၏ ကျန်ရှိသောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေတိဂုံဘုရားလမ်း၊ အမှတ်(၁၁၈)တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ MOHAMED DAWOOD BHAIMIA (ခ)M.D. BHAIMIA(ခ) မိုဟာမက်ဒါဝတ်ဘိုင်မီယာ၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်း၍ အမွေဆက်ခံခြင်းအက်ဥပဒေ ပုဒ်မ-၃၀၇ ပါ ပြဋ္ဌာန်းချက်များအရ လုပ်ပိုင်ခွင့်များဆောင်ရွက်ခွင့်ပြုပါမည့်အကြောင်း လျှောက်ထားသူ ဒေါ်ကောရ်ဆာမှ လျှောက်ထားလာသဖြင့် ဤအမှုကို ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၁ ရက် (၁၃၈၅ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်) နံနက်(၁၀)နာရီအချိန်တွင်ကြားနာရန် ချိန်းဆိုထားသောကြောင့် ကွယ်လွန်သူ MOHAMED DAWOOD BHAIMIA (ခ) M.D. BHAIMIA(ခ) မိုဟာမက်ဒါဝတ်ဘိုင်မီယာ၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခု သက်ဝင်သည်ဟု အဆိုရှိသူတို့သည် ဤနေ့ရက်တွင် ရုံးတော်သို့လာရောက်ကန့်ကွက်ရန် သက်ဆိုင်သည်ဟုထင်မြင်လျှင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ နည်းလမ်းတကျ လွှဲအပ်ထားသော ကိုယ်စားလှယ်တစ်ဦးဦးဖြင့်သော်လည်းကောင်း၊ လာရောက် အမှုရင်ဆိုင်ရန်နှင့် သက်ဆိုင်ရာအမှုတွဲအား ကြည့်ရှုရန် ဆင့်ဆိုလိုက်သည်။ အဆိုပါနေ့ရက်တွင် လာရောက်ရန် ပျက်ကွက်လျှင် တရားရုံးက လျှောက်ထားသူ၏ လျှောက်လွှာအပေါ် စစ်ဆေးကြားနာ၍ စီရင်ချက်ချမှတ်လိမ့်မည်။

၂၀၂၄ ခုနှစ်၊ မတ်လ ၂၈ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မြတ်စံ)**
**ခရိုင်တရားသူကြီး**
**ကျောက်တံတားခရိုင်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ် နန-၂၁၊ ဦးပိုင်အမှတ် (၄၀)၊ ၆၅ x ၆၆ ကြား၊ ၁၃၃ x ၁၃၄ လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ် (၂၄၆၆/၉၀-၉၁)အရ ဦးမွတ္တား မှတ်ပုံတင်အမှတ် SGG-၀၁၉၄၈၄ အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန် ဒေါ်ဥမ္မာကြည် ၉/ရစက(နိုင်)၁၄၅၃၃၆ မှ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် ဠ-၁၊ ဦးပိုင်အမှတ် (၄၄) မြောက်ဘက်ခြမ်း ခဲစင်း၊ ၇၁ x ၇၂ ကြား၊ ကျန်စစ်သားနှင့် ဇော်ဂျီလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးသန်းအောင် ၉/မရတ(နိုင်)၀၃၃၆၂၀၊ AE-၂၂၀၅၃၁ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၆၉၃/၂၀၁၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မေသန်း ၉/မရတ(နိုင်)၀၇၈၃၀၃ က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၃၉)၊ မြေကွက်အမှတ်(၄၂၈)၊ မြေအကျယ်အဝန်း (၄၀ ပေ x ၆၀ ပေ)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးတင်စိုးထံမှ **နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ်ကတိစာချုပ်** အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိသာလျှင် တရားဝင်ပိုင်ဆိုင်ကြောင်းနှင့် လွှတ်လပ်စွာ ပြန်လည် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိမ့်ဇာဦး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၃၇၈၂)**
**အမှတ်(၁၁၂၈)၊ သရဖီ(၇)လမ်း၊ (၃၄)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၄၀၁၁၀၄၈**

## SUNTEC GLOBAL CO.,LTD." (Reg; 106787115)
## လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၄၇(က)(၂) နှင့် ၁၅၁(က)အရ
## အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်း
## ကုမ္ပဏီဖျက်သိမ်းကြောင်းကြော်ငြာ

၂၀၂၄ ခုနှစ်၊ မတ်လ (၂၈)ရက်နေ့တွင်ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ SUNTEC GLOBAL CO.,LTD. အား အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးကြည်လင် B.Com(AA)(C.P.A) (MAIP-00201) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အား တရားဝင်စာရင်း ရှင်းလင်းဖျက် သိမ်းရေးအရာရှိ(လူမွဲခံယူခြင်း ဆိုင်ရာကျွမ်းကျင်သူ)အဖြစ်ခန့်အပ်ထားခဲ့ပါသည်။ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို တစ်နှစ်အတွင်းလူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၅၁(က) အရတစ် နှစ်ထက် မပိုသောကာလအတွင်း ယင်း၏ကြွေးမြီများကို အတိုးနှင့်တကွ ပေးချေ နိုင်ကြောင်းကို အောက်ဖော်ပြပါတရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံတောင်းခံခြင်းနှင့် ပေးသွင်းခြင်းကိုပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| U KHIN MAUNG YU | U Kyi Lin(MAIP-00201) |
| Managing Director | B.Com(AA);C.P.A |
| SUNTEC GLOBAL CO.,LTD | Company Liquidator. |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့ မိတ်ဆွေဖြစ်သူ ဒေါ်ညွန့်ညွန့်သန်း(၇/တငန(နိုင်)၁၀၅၆၈၆)၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်-မြို့သစ်(က)၊ မြေကွက်အမှတ်-၄၁၂ (တစ်နည်းအားဖြင့်) အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ (က၊ ၅)လမ်း၊ အမှတ်-၂၈၈၊ အကျယ်(ပေ ၄၀ x ပေ ၆၀) နှစ်(၆၀) မြေငှားဂရန် မြေနှင့်မြေပေါ်ရှိအဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ဦးလှမောင် (၁၂/အစန (နိုင်) ၀၃၅၄၇၃) ထံမှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ (၁၉-၁-၂၀၂၄)ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၆၄၇)ဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်ခိုင်ဝေအေး(၁၂/အစန(နိုင်)၁၉၅၉၉၄)မှ ၎င်းတစ်ဦးတည်းသာ လိုအပ်သလို စီမံခန့်ခွဲပိုင်ခွင့်ရှိသူဟု အဆိုပြုကာပိုင်ဆိုင်မှု စာရွက်စာတမ်းများပြသ၍ အပြီးအပိုင်ရောင်းချရန် စကားကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်တို့၏မိတ်ဆွေမှ သဘောရိုးဖြင့် ယုံကြည်သောကြောင့် ဝယ်ယူရန်အတွက် စရန်ငွေ ပေးအပ်ထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ခင်ခက်ခက်နီလာခိုင်သဇင်မြင့်(LL.B)** | **ဦးရဲမြင့်အောင်(LL.B)(စဉ်-၄၁၇၀၃/၂၀၁၃)** |
| **(စဉ်-၁၂၉၈၆/၂၀၁၇)** | **ဒေါ်တင်ဇာမျိုး(LL.B) (စဉ်-၄၅၂၆၅/ ၂၀၁၄)** |
| **(တရားလွှတ်တော် ရှေ့နေ)** | **ဒေါ်လဲ့လဲ့ဝင်းထူး(LL.B) (စဉ်-၄၉၉၀၄/၂၀၁၈)** |
| | **(အထက်တန်းရှေ့နေများ)** |

**အမှတ်-၈၉၉/ပထမထပ်၊ မြင်တော်သာလမ်းမကြီး၊ ၄/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၀၈၀၅၁၂၊ ၀၉-၇၃၁၆၇၈၁၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၉)၊ လူနေရပ်ကွက်အမှတ်(၉)၊ သူရ(၆)လမ်း၊ မြေကွက်အမှတ်(၁၈၀)ဟုခေါ်တွင်သော နှစ်(၆၀)မြေငှားဂရန်တွင် ဒေါ်စန္ဒာဝင်း (၁၂/ဥကတ(နိုင်)၀၂၉၆၈၆) အမည်ပေါက် အလျားပေ(၆၀) x အနံပေ(၄၀)၊ ဧရိယာ စတုရန်းပေ (၂၄၀၀)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် ရေ/မီး အစရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အမည်ပေါက်ပိုင်ဆိုင်သူဖြစ်သော ဒေါ်စန္ဒာဝင်း (၁၂/ဥကတ(နိုင်)၀၂၉၆၈၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဒေါ်စုဆန်စိုး(ဒ်) (၁၂/ဗတထ(နိုင်)၀၃၀၀၁၈) မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသောတရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယခုကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စုဆန်စိုး(ဒ်)၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဥမ္မာမြင့် (LL.B,D.B.L)** | **ဒေါ်မြတ်နိုးခင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ စဉ်-၈၃၅၁ (၁၃-၉-၂၀၁၂)** | **အထက်တန်းရှေ့နေ စဉ်-၅၃၁၅၀ (၃၀-၆-၂၀၂၀)** |

**အမှတ်(၈၉၉)၊ မဟာဗန္ဓုလလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၉၇၂၃၀၉၈၉၂**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ (၃)ရပ်ကွက်၊ (၃)လမ်း၊ အမှတ် (၂၃၆)နေ ဒေါ်ဇာခြည်ထွန်း ၁၂/ခရန (နိုင်)၁၂၆၄၅၂၏လွှဲအပ်ညွှန်ကြားချက် အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ ဒေါ်ဇာခြည်ထွန်းသည် ဒေါ်စမ်းစမ်းရင် ၁၂/ဗတထ(နိုင်)၀၄၂၄၀၈ ထံမှ (၉-၁၀-၁၇)ရက်၌ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ညွန့်ကြီးရပ်ကွက်၊ သစ္စာလမ်း၊ အိမ်အမှတ်(၂၃)(၂၅' x ၅၀') မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ၈ထပ်တိုက် ဓာတ်လှေကားပါ အဆောက်အအုံအသစ် တစ်လုံးအနက်မှ (အလျား ၂၃' x အနံ ၄၈' x အမြင့် ၁၀')ရှိ ၆ လွှာတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းဖိုးငွေ အပြည့်အဝပေးချေပြီး ယင်းနေ့၌ပင် အထက်ဖော်ပြပါ တိုက်ခန်းအား ဥပဒေနှင့်အညီ ပိုင်ဆိုင်လက်ဝယ်ရရှိသွားပြီးဖြစ်ပါသည်။

သို့ဖြစ်၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဇာခြည်ထွန်း တစ်ဦးတည်းပိုင် အထက်ပစ္စည်းစာရင်းပါ တိုက်ခန်းနှင့်ပတ်သက်ပြီး ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ ကျူးကျော်ဝင်ရောက်ခြင်း၊ လှူဒါန်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့အား မပြုလုပ်ရန် အသိပေးလိုက်သည်။ ပြုလုပ်ပါက ပြုလုပ်သူနှင့် ပါဝင်ပတ်သက်သူတို့အပေါ် တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုသွားရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမြတ်မွန်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၂၈၃၉)**
**အမှတ်(က/၉၈)၊ စံပြ(၃)လမ်း၊ ယမုံနာ(၂)ရပ်ကွက်၊ ဒေါပုံမြို့နယ်။ ဖုန်း-၀၉-၇၉၈၅၃၇၇၁၈၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4P/6235, Suzuki CIAZ, S/L (4x2)L ယာဉ်လက်ဝယ်ရှိသူ Myanmar Golden Shade Steel Co.,Ltd. 103658292 က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 3V/9835, Jiaing Dong ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန္တာထွန်း ၁၄/မအန(နိုင်) ၁၇၇၈၅၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ဟင်္သာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7B/6942, MITSUBISHI CANTER FB 50AB, LIGHT TRUCK (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဌေးအောင် ၇/ဝမန(နိုင်) ၀၇၆၁၆၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ရောင်းချရန်ကြော်ငြာစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
## အင်းစိန်ခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၁၅၀

၁။ ဒေါ်တင်တွန် နှင့် ဦးအောင်ဇော်ဦး
၂။ ဒေါ်စန်းစန်းညွန့်
၃။ ဒေါ်ကျင်စန်းမြင့်
၄။ ဒေါ်တင်တင်ထွေး
(၎င်းတို့၏အခွင့်ရကိုယ်စားလှယ်
ဦးကျော်သီဟ)
(တရားနိုင်များ) (တရားရှုံး)

(ယခင်)ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ၂၀၁၈ ခုနှစ်၊ တရားမကြီးမှုအမှတ်-၉ တွင် ရရှိခဲ့သော ဒီကရီအရ တရားရှုံးပိုင်အောက်ဖော်ပြပါပစ္စည်းများကို ၂၀၂၄ ခုနှစ်၊ ဧပြီလ(၂၉)ရက် (၁၃၈၆ ခုနှစ်၊ တန်ခူးလဆုတ် ၆ ရက်နေ့) မွန်းမတည့်မီ နံနက်(၁၀)နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၁၆)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၂၄/ခ)၊ အကျယ်အဝန်းပေ(၂၀ x ၆၀)ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်နေအိမ်(၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

**ကြမ်းခင်းဈေးကျပ်သိန်း(၉၀၀)**

**လေလံတင်ရောင်းချမည့် စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသောအချက်အလက်များမှာ တရားနိုင်က တရားရုံးသို့တင်ပြချက်အရ သိရသမျှ ဖြစ်သည်။ မှားယွင်းခြင်း၊ ကွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အားအထူးသတိပြုရန်နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကိုရောင်းချသူအရာရှိကသတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ်သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန် မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ် ငွေကို တင်သွင်းမှသာလေလံဆွဲ ဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်းနေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်း ချသည့်နေ့ကို ပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့် သည့်နေ့တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များကိုပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန်လေလံတင် ရောင်းချ လိမ့်မည်။ ပေးသွင်းထားသည့်လေလံငွေများကို ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

၂၀၂၄ ခုနှစ်၊ မတ်လ (၂၂) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(တင်တင်မော်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**အင်းစိန်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်/မြောက်ရပ်ကွက်၊ ဦးရွှေမှန်(၂)လမ်း၊ အမှတ်-၅၇၊ မြေညီထပ်၊ အကျယ်အဝန်း (၂၀ ပေ x ၄၅ ပေ)ရှိ တိုက်ခန်းအပါ အဝင် ၎င်းတိုက်ခန်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား (၃၀-၁၂-၂၀၁၈)ရက်စွဲပါ မြေရှင်နှင့်ကန်ထရိုက်တာတို့၏ နှစ်ဦးသဘောတူကတိစာချုပ်အရ လက်ဝယ်ပိုင်ဆိုင်ကြောင်း အဆိုပြုသူ ကန်ထရိုက်တာ ဒေါ်အေးအေးကြည် (၁၂/လမန(နိုင်)၀၄၄၀၁၇) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်သွားပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ခိုင်ဆုဝေ (LL.B)** | **ဒေါ်မိုးမီမီခိုင် (LL.B)** |
| **(စဥ် - ၅၃၃၆၉)** | **(စဥ် - ၅၃၄၉၁)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်-၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၅၀၀၂၈၁၀၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ဆန်စက်လမ်းနှင့် ဖန်ချက်လမ်းကြား၊ အမှတ် (၈၉၅)ပေါ်ရှိ RC (၈ ¹/₂) ထပ်(Lift – ပါ) မုဒိတာအိမ် ရာ(၂) အဆောက်အအုံ၏ အခန်းအမှတ် (2B-691)၊ ပဉ္စမထပ်(ဖလွှာ)၊ ဧရိယာ (၆၀၀) စတုရန်းပေရှိ မီနီကွန်ဒိုတိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးဇေယျာအောင် ၈/တတက(နိုင်)၁၄၃၇၇၂ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဦးအောင်မျိုးသူ ၉/မတရ(နိုင်)၁၈၁၇၀၄ မှ အပြီးအပြတ် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးအောင်မျိုးသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မြင့်မြင့်ဌေး LL.B.,LL.M.,WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၀၄၇၉)**
**အမှတ်(၁၃၈)(မြေညီ)၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉၇၉၉ ၆၃၄ ၆၃၆၊ ၀၉-၄၃၀၆၃၅၅၆**

## အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂ ကိုယ် ပိုင် အုပ် ချုပ် ခွ င့် ရဒေသ၊ လဟယ်မြို့၊ ကီပါနောက်နန်းကျေးရွာနေ ဦးကမိုး၏သား ဦးမိုးအား ၅/လဟန(နိုင်)၀၀၇၂၄၏ အမည်မှန်မှာ ဦးမိုးအားကီပူးဖြစ်ပါကြောင်း။ **ဦးမိုးအားကီပူး**
**၅/လဟန(နိုင်) ၀၀၇၂၄**

## နိုင်ငံကူးလက်မှတ် ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဇော်မင်းလှိုင် ၇/ထတပ(နိုင်)၀၀၁၅၆၇၏ နိုင်ငံကူးလက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၈၉၅၀၁၁၆၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ကောက်လျှင်လမ်း၊ တိုက်(၁၄၉)၊ အခန်း(၆) နေသူ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးလင်းကျော်နိုင် (၁၂/သဃက(နိုင်)၁၃၉၄၀၇) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိစေအပ်သည်မှာ-

